# ကြေးမုံ

# The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် တွင် စတင်ထုတ်ဝေခဲ့သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 June 2022 ၁၀၇၅၃


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်အောင် ဆောင်ရွက်နေ

## အစိုးရအနေဖြင့် ရရှိသည့်ငွေအင်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများဖြစ်ပေါ်ခဲ့ကာ အချို့ EAO အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့ပြီး ယနေ့အချိန်အထိ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့သော် အကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အတတ်နိုင်ဆုံး ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


**ယနေ့** ဖတ်စရာ

**Monkeypox ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄

**အာဆီယံစီးပွားရေးရာ ဆွေးနွေးအဖြေရှာ**



ဆောင်းပါး စာမျက်နှာ » ၈

**နောင်ချိုမြို့ မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်**

စာမျက်နှာ » ၁၀

ကြေးမုံ

# ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် ပန်းတိုင်သို့ တက်လှမ်း

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သည်။ လွတ်လပ်ရေးရသောအခါ ပြည်ထောင်စုစိတ်ဓာတ် လျော့နည်းပျက်ပြားသဖြင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ ယခုအခါ လွတ်လပ်ရေးရရှိပြီးနောက် ၇၅ နှစ် စိန်ရတုကာလသို့ ရောက်ရှိလာသော်လည်း လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးဘဲ မငြိမ်းချမ်းသောအခြေအနေများနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။

ယနေ့ကာလတွင် တိုင်းပြည်ငြိမ်းချမ်းရေးရလာစေရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းပြည်အကျိုးကို ရှေးရှု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့သည်။ ယခုအခါ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် တစ်ဖွဲ့ချင်းစီတွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းအဖြေရှာနေပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူနေသည့် ကာလအခိုက်အတန့်အတွင်း တိုင်းရင်းသားပြည်သူများအကျိုးအတွက် စိတ်စေတနာသန့်သန့်ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်ဖြစ်သည့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးရလဒ်များကို ရရှိနိုင်ရန်အတွက် ရိုးသားပွင့်လင်းစွာဖြင့် ငြိမ်းချမ်းရေးကို ဖိတ်ခေါ်ခဲ့သည်။ ပြည်သူလူထုအကျိုးကို ရှေးရှုပြီး ငြိမ်းချမ်းရေးကို နှစ်နှစ်ကာကာလိုလားသည့်စိတ်၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်များဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြလျှင် ငြိမ်းချမ်းရေးနှင့် အလှမ်းမဝေးဘဲ လက်တစ်ကမ်းရောက်ရှိလာမည်ဖြစ်သည်။

ဒီမိုကရေစီထွန်းကားသည့် နိုင်ငံအများစုတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး အေးချမ်းသာယာလျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့်လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ဖြောင့်တန်းစွာဆောင်ရွက်နိုင်မည်မဟုတ်ပေ။ မငြိမ်းချမ်းခြင်းသည် ပြည်သူလူထု၏ဘဝအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်သည်။ ထိုကြီးမားသောစိန်ခေါ်မှုကို ကျော်လွှားနိုင်အောင် ဆောင်ရွက်နေခြင်းသည် ပြည်သူလူထုအပေါ်ထားရှိသည့် စစ်မှန်သောစေတနာဖြစ်သည်။ ပြည်သူလူထုအပေါ် စေတနာမှန်ကန်စွာထားကာ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် သဘောထားကြီးကြီး သည်းခံစိတ်ထားပြီး မိမိတို့၏ စိတ်ခံစားချက်၊ ထင်မြင်ယူဆချက်များကို ဦးစားမပေးဘဲ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်မှုရှိရှိ၊ အပြုသဘောဖြင့် ထိတွေ့ဆက်ဆံကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တစ်ဖွဲ့ချင်းအလိုက် တိုက်ရိုက်ထိတွေ့တွေ့ဆုံဆွေးနွေးနေခြင်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးသမိုင်းစဉ်တွင် ရတောင့်ရခဲအခြေအနေဖြစ်သည်။ ငြိမ်းချမ်းရေးခရီးကို အမြန်ဆုံးခရီးရောက်စေရန်အတွက် အဓိကအဆုံးအဖြတ်ပေးနိုင်သူအချင်းချင်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးနိုင်ရန် လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်ထားရှိသည့်စေတနာ၊ ငြိမ်းချမ်းရေးကို လိုလားသည့် စစ်မှန်သောသဘောထားများကို မျက်ဝါးထင်ထင် အထင်အရှားမြင်တွေ့နေရပြီဖြစ်သည်။

ငြိမ်းချမ်းရေးကိုလိုလားသူများက စိတ်ဆန္ဒပြင်းပြစွာဖြင့် ပူးပေါင်းဆောင်ရွက်နေကြသလို ငြိမ်းချမ်းရေးကို မလိုလားသည့် အဖွဲ့အစည်းအချို့၊ ခေါင်းဆောင်အမည်ခံ လူပုဂ္ဂိုလ်အချို့၏ အဖျက်သဘောပြောဆိုမှု၊ လုပ်ဆောင်မှုများကိုလည်း ကြားသိကြရမည်ဖြစ်သည်။ မည်သို့ပင် နှောင့်ယှက်ဖျက်ဆီးဟန့်တားနေကြသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ သွေဖည်သွားမည်မဟုတ်ပေ။ ပြင်းပြသောစိတ်ဓာတ်၊ တိကျသောသန္နိဋ္ဌာန်၊ ရဲဝံ့သောသတ္တိတို့ဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိလာအောင် မမိုတ်မသုန်ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်။

ယခုပြုလုပ်နေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA တွင် လက်မှတ်မထိုးရသေးသည့် အဖွဲ့သုံးဖွဲ့တို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ နိုင်ငံတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးနေကြပြီဖြစ်သည်။ အဆိုပါ EAO အဖွဲ့များ၏ ငြိမ်းချမ်းလိုသောစိတ်ဆန္ဒ၊ တိုင်းရင်းသားပြည်သူများ၏အရေးနှင့် ဒေသအကျိုးစီးပွားအပေါ် ထားရှိသည့်စေတနာတို့ကို ပြည်သူလူထုတစ်ရပ်လုံးက လေးစားအသိအမှတ်ပြုသောအားဖြင့် သဘောထားဆန္ဒများ ထုတ်ဖော်နေကြသည်ကို တွေ့မြင်နေရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏အရေးကို မြန်မာနိုင်ငံသားများက ဆုံးဖြတ်ကြမည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်မည်ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ အောင်မြင်စွာ တက်လှမ်းကြမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ဝင်းဝင်းသန်း | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ သန်းသန်းဦး | ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဦးဇော်ဇော် | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရေနံချောင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရေကြည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

ရေကြည် မေ ၃၁

ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အရ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာလင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၇၅ | ၅၆၃,၀၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၇၅၁ | ၁,၉၉၀,၁၅၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၄၅ | ၇၈၇,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁၆ | ၄၀,၈၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၃၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၈၇.၅ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၈.၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၁၃၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၄၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၁၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၁.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၅၁.၁ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

အကြမ်းဖက်မှုများကြောင့် တာဝန်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း၊ ယခုအခါ အေးချမ်းသည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း။

## ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်နိုင်မှု

နိုင်ငံတစ်ခုသည် ရပ်တန့်နေ၍မရဘဲ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့ကို ခက်ခဲစွာဖြင့် ကျော်ဖြတ်ခဲ့ရကြောင်း၊ သို့သော် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ တာဝန်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ စီမံခန့်ခွဲသည့် အဖွဲ့အစည်းအသီးသီး အပင်ပန်းခံဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် ထိန်းသိမ်းနိုင်သည့် အနေအထားကို ရောက်ရှိလာခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှုအနေဖြင့် ယခုလ ၃၀ ရက်အထိ မိမိတို့နိုင်ငံတွင် ရှစ်သန်းကျော်ကို စစ်ဆေးခဲ့ပြီး ပိုးတွေ့ရှိသူအနေဖြင့် ၆၁၃၃၂၆ ဦးတွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူအနေဖြင့် ၁၉၄၃၄ ဦးရှိခဲ့ကြောင်း၊ ယခုအခါ ပိုးတွေ့ရာခိုင်နှုန်း သုည ဒသမ ၁၆ ရာခိုင်နှုန်းသာရှိကြောင်း၊ မေ ၃၀ ရက်တွင် ကမ္ဘာ့တစ်ဝန်းကူးစက်မှု လူဦးရေ ၂၅၃၄၆၂ ဦးတွေ့ရှိရပြီး ပိုးတွေ့သူစုစုပေါင်း ၅၃၁ သန်းကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မိမိတို့ထက် ပိုမိုခံစားရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်၌ အခက်အခဲဖြစ်ပေါ်နေချိန်တွင် ပြည်တွင်းမှ အဓိကပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သည့်ပြည်သူလူထုများ၊ မိတ်ဆွေကောင်းပီသစွာဖြင့် အကူအညီပေးခဲ့သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အခြားအကူအညီပေးခဲ့သည့် နိုင်ငံများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆူပူအကြမ်းဖက်မှုအခက်အခဲ၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

## ပညာရေးကဏ္ဍ မြှင့်တင်မှု

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ပြန်လည်ပိတ်ထားခဲ့ရမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါအချိန်တွင် ကျန်းမာရေးဝန်ထမ်းများ၏ CDM ပြုလုပ်မှုများ၊ အကြမ်းဖက် PDF များက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် မတ်လနောက်ဆုံးပတ်အတွင်း အတန်းတင်စာမေးပွဲများကို ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်

- ကိုဗစ်-၁၉ ကူးစက်မှုအနေဖြင့် ယခုလ ၃၀ ရက်အထိ မိမိတို့နိုင်ငံတွင် ရှစ်သန်းကျော်ကို စစ်ဆေးခဲ့ပြီး ပိုးတွေ့ရှိသူအနေဖြင့် ၆၁၃၃၂၆ ဦးတွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူအနေဖြင့် ၁၉၄၃၄ ဦးရှိခဲ့ကြောင်း၊ ယခုအခါ ပိုးတွေ့ရာခိုင်နှုန်း သုည ဒသမ ၁၆ ရာခိုင်နှုန်းသာရှိ
- မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်၌ အခက်အခဲဖြစ်ပေါ်နေချိန်တွင် ပြည်တွင်းမှ အဓိကပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ပြည်သူလူထုများ၊ မိတ်ဆွေကောင်းပီသစွာဖြင့် အကူအညီပေးခဲ့သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အခြားအကူအညီပေးခဲ့သည့် နိုင်ငံများကိုလည်း ကျေးဇူးတင်
- ယခုနှစ် ပညာသင်နှစ်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး လေးသန်း ကိုးသိန်းကျော် အပ်နှံပြီးဖြစ်၍ ဆက်လက်တိုးတက်လာမည့် အခြေအနေတွေ့ရှိရ
- အဆင့်မြင့်ပညာနှင့်ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များကိုလည်း ယခုနှစ်တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများစွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိရကာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် စိတ်ဓာတ်ပြင်းပြလျက်ရှိ

ပညာသင်နှစ်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး လေးသန်း ကိုးသိန်းကျော် အပ်နှံပြီးဖြစ်၍ ဆက်လက်တိုးတက်လာမည့် အခြေအနေတွေ့ရှိရကြောင်း၊ အဆင့်မြင့်ပညာနှင့်ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များကိုလည်း ယခုနှစ်တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများစွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိရကာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် စိတ်ဓာတ်ပြင်းပြလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ပညာပြည့်ဝစွာ သင်ကြားနိုင်ရေးအတွက် လိုအပ်ချက်များကို အစိုးရအနေဖြင့် နည်းလမ်းရှာ၍ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေး ကောင်းမွန်ရန်လိုအပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရန်လိုအပ်မှု

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကိုလည်း ပုံမှန်လည်ပတ်အောင် ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံတကာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် စီးပွားရေးထိခိုက်မှုများရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြည်ပပို့ကုန်နှင့်ပတ်သက်၍ မျှော်မှန်းထားသလောက် တင်ပို့နိုင်ခဲ့ခြင်းမရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများသည်လည်း ဈေးကွက်ဝင်ပြီး အရည်အသွေးကောင်းမွန်မှုရှိရန်လိုကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရငွေရရှိမှသာလျှင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် ရငွေများနည်းပါးမှုဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်တိုးတက်မှုများရှိခဲ့ကြောင်း၊ သို့သော်အပြည့်အဝရရှိခြင်းမရှိသေးကြောင်း၊ ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အချို့စက်ပစ္စည်းများသည် သက်တမ်းကြာမြင့်ခြင်း၊ နည်းပညာအရနောက်ကျခြင်းများရှိသဖြင့် စက်စွမ်းအားပြည့်လည်ပတ်နိုင်မှုမရှိခြင်း၊ သွင်းအားစုများ ပြည့်ဝစွာမရရှိခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရရှိသည့်ငွေအင်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ငွေများကို အတတ်နိုင်ဆုံး ချွေတာသုံးစွဲရန်နှင့် မဖြစ်မနေသုံးစွဲရမည်ဆိုပါက စည်းမျဉ်း၊ စည်းကမ်း ဥပဒေနှင့်အညီ စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုကြောင်း၊ နိုင်ငံ၏ကုန်သွယ်မှု လိုအပ်ချက်အရ အချို့သော ပြည်ပ သွင်းကုန်တင်သွင်းခြင်းများကို ကန့်သတ်ခဲ့ရကြောင်း၊ သို့သော် စက်သုံးဆီ၊ စားဆီတို့နှင့်ပတ်သက်၍ ကမ္ဘာ့ဈေးကွက် အခြေအနေအရ ဈေးနှုန်းမြင့်တက်ခြင်းများရှိခဲ့သော်လည်း လုံးဝပြတ်လပ်ခြင်းများမရှိအောင် စီမံခဲ့ကြောင်း။

အဆောက်အအုံဆောက်လုပ်ရန်အတွက် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သံမဏိနှင့် ဘိလပ်မြေများ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများရှိကြောင်း၊ အဆိုပါ ကုန်ကြမ်းပစ္စည်းများကို အသုံးချ၍ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့် ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများကို အသေးစားစက်မှုဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

## ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာအသုံးချမှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရန်လိုအပ်မှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာအသုံးချမှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးတို့နှင့်ပတ်သက်၍ **"ပြီးခဲ့တဲ့ တစ်လလောက်က ကျွန်တော် ဝန်ကြီးချုပ်များကို ပြောပါတယ်။ ကိုယ့်ရဲ့ရေမြေသဘာဝကို အသုံးချပြီးတော့ ကုန်ထုတ်လုပ်မှုတွေ တိုးမြှင့်အောင်ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နိုင်ငံတော်အတွက် များစွာ အထောက်အကူရမယ်ဆိုတာလေး ပြောလိုပါတယ်။ အဲဒီတော့ စောစောကပြောတဲ့ ရေခံမြေခံနဲ့ ပတ်သက်တာပေါ့။ ရေတွေ၊ မြေတွေ ကျွန်တော်တို့မှာရှိတယ်။ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့ မြေတွေရှိတယ်။ မွေးမြူရေးလုပ်ကိုင်နိုင်တဲ့မြေတွေရှိတယ်။ အဲဒီတော့ မကြာခင်ကပဲ ကျွန်တော် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး သီးခြားအစည်းအဝေးလေး လုပ်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်ပြောပါတယ်။ ကျွန်တော်တို့က မြေကို အပြည့်အဝအသုံးချဖို့ ဥပမာ စိုက်ဧက ၃၃ သန်းရှိတယ်။ သီးထပ်သီးညှပ်ပေါင်းလိုက်ရင် ဧက ၄၈ သန်းရှိတယ်။ အဲဒီတော့ သန်းပေါင်း ၁၅ သန်းလောက်က တစ်သီးပဲစိုက်တဲ့ အနေအထားရှိတယ်။ ကျန်တာက သီးထပ်သီးညှပ်စိုက်တယ်။ အဲဒီ ၁၅ သန်းလောက်က ကျွန်တော်တို့က နှစ်သီးစိုက်လို့ရအောင်ကြိုးစားလို့ရှိရင် စိုက်ပျိုးရေးကရတဲ့ ထုတ်ကုန်ပစ္စည်းတွေ နှစ်ဆလောက် တက်လာနိုင်တာရှိတယ်။ မဖြစ်နိုင်ဘူးလို့တွက်ပေမယ့် တကယ်လုပ်ရင်ဖြစ်ပါတယ်။ အဲဒီမှာလိုတဲ့ ခုနကပြောတဲ့ မြေရယ်၊ မျိုးရယ်၊ ရေရယ် ဒီဟာကိုပဲ ကျွန်တော်တို့က ဖန်တီးပေးရမှာပဲ။ အဲဒီက အခြေခံတဲ့၊ ထွက်လာတဲ့ဟာတွေကို မွေးမြူရေးလုပ်ငန်းတွေမှာ အများကြီးသုံးလို့ရမယ်။ တိရစ္ဆာန် အစားအစာတွေ အများကြီးဖြစ်လာမယ်။ စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းရှိမယ်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း အောင်မြင်လာပြီဆိုလို့ရှိရင် ဒီစိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ အများကြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ လုပ်လို့ရတယ်။ အဲဒီအပေါ်မှာ တစ်ခါ စက်မှုလုပ်ငန်းသွားမယ်ဆိုရင်တော့ လျှပ်စစ်ကလိုတာပေါ့။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးမှာ မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ် အစီအစဉ်နဲ့ National Grid က မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် လျှပ်စစ်ရအောင် ကြိုးစားဆောင်ရွက်မယ်ဆိုလို့ရှိရင် အဲဒီလျှပ်စစ်ထွက်နိုင်တဲ့ နေရာတွေမှာ စောစောကပြောတဲ့ ကုန်ထုတ်လုပ်မှုကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ကျွန်တော်တို့ သွားလို့ရတယ်။ မွေးမြူရေးထုတ်ကုန်၊ စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် အခြေခံတဲ့ ကုန်ထုတ်လုပ်မှုကို သွားမယ်ဆိုလို့ရှိရင် ဒေသတွင်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် စက်မှုလုပ်ငန်းတွေ၊ စက်မှုဇုန်တွေပေါ်လာမယ်။ ဒါကဘာလဲဆိုတော့ ဖြစ်နိုင်တဲ့နည်းလမ်းကို ကျွန်တော်က ပြောတာပါ။ မဖြစ်နိုင်တာ ကျွန်တော် မပြောပါဘူး။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကလည်း ကိုယ့်ဒေသအလိုက် စီးပွားရေးဇုန်လေးတွေကို ဟိုဘက်အဝေးကလာပြီး ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်တဲ့ဟာမျိုးတွေထက် ကိုယ့်ဒေသမှာထွက်တဲ့ ထုတ်ကုန်ပစ္စည်းကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုသွားတာက ပိုပြီးတော့ကောင်းပါတယ်။ ကျွန်တော် အဲဒါ ပုသိမ်မှာ တစ်ခါပြောခဲ့ပါတယ်။ ပုသိမ်စက်မှုဇုန်သွားကြည့်ရင်းနဲ့ အထည်ချုပ်လုပ်ငန်းတွေ၊ နိုင်ငံခြားကခေါ်မယ်၊ ပြုမယ်ဆိုတာ။ ဟုတ်ပြီ။ ဒါကတော့ ဖြစ်နိုင်ပါတယ်။ သို့သော်လည်းပဲ ခင်ဗျားတို့ဒီမှာ ဆန်စက်တွေရှိတယ်၊ ပဲတွေစိုက်နေတယ်။ အဲဒီတော့ အဲဒီကနေထွက်တဲ့၊ အခြေခံတဲ့ တန်ဖိုးမြင့်ကုန်တွေ ထုတ်နိုင်ဖို့ကြိုးစား ဟင်းသီးဟင်းရွက်တွေစိုက်၊ မွေးမြူရေးလုပ်ငန်းတွေလုပ်၊ အဲဒီကနေပြီးတော့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းတွေ လုပ်မယ်ဆိုလို့ရှိရင် အများကြီး အထောက်အကူရလိမ့်မယ်။ ဒါတွေက ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော်ဖို့ လိုပါတယ်။"**

## အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလိုအပ်မှု

အားကစားကဏ္ဍနှင့်ပတ်သက်၍ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံအနေဖြင့် အဆင့် ၇ ရရှိခဲ့ကြောင်း၊ အားကစားပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကိုလည်း မိမိကိုယ်တိုင် တွေ့ဆုံအားပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ **စာမျက်နှာ ၄ သို့ »»**

- (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၉ နည်း၊ အားကစားသမား ၃၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေ ခုနစ်ခု၊ ငွေ ၁၀ ခု၊ ကြေးအခု ၂၀ စုစုပေါင်း ၃၇ ခုရရှိခဲ့ကြောင်း၊ အကြိမ်(၃၀)မြောက်တွင် အားကစားနည်း ၃၁ နည်း၊ အားကစားသမား ၃၅၁ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ လေးခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု စုစုပေါင်း ၇၃ ခုရရှိခဲ့ကြောင်း၊ (၃၁)ကြိမ်မြောက်တွင် အားကစားနည်း ၂၀၊ အားကစားသမား ၂၈၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခင်နှစ်ထက် အားကစားနည်းနှင့် လူဦးရေနည်းပါးခဲ့ကြောင်း၊ သို့သော် ရွှေ ကိုးခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု စုစုပေါင်း ၆၂ ခု ရရှိခဲ့ကြောင်း၊ တိုးတက်မှုရှိလာသည်ဟု ပြော၍ရနိုင်
- အားကစားသမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဝအာမခံချက်များရှိစေရေးအတွက်လည်း ကြိုးတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လို

»» **စာမျက်နှာ ၃ မှ**

ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ယခင်သုံးနှစ် ပြိုင်ပွဲမှတ်တမ်းများကို ကြည့်မည်ဆိုပါက ယခုအကြိမ်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲရလဒ်သည် ယခင်အကြိမ်များထက် ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၉ နည်း၊ အားကစားသမား ၃၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေ ခုနစ်ခု၊ ငွေ ၁၀ ခု၊ ကြေး အခု ၂၀ စုစုပေါင်း ၃၇ ခုရရှိခဲ့ကြောင်း၊ အကြိမ်(၃၀)မြောက်တွင် အားကစားနည်း ၃၁ နည်း၊ အားကစားသမား ၃၅၁ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ လေးခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု စုစုပေါင်း ၇၃ ခု ရရှိခဲ့ကြောင်း၊ (၃၁)ကြိမ်မြောက်တွင် အားကစားနည်း ၂၀၊ အားကစားသမား ၂၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခင်နှစ်ထက် အားကစားနည်းနှင့် လူဦးရေနည်းပါးခဲ့ကြောင်း၊ သို့သော် ရွှေ ကိုးခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု စုစုပေါင်း ၆၂ ခု ရရှိခဲ့ကြောင်း၊ တိုးတက်မှုရှိလာသည်ဟု ပြော၍ရနိုင်မည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်သိက္ခာပင်ဖြစ်ကြောင်း၊ အားကစားမြှင့်တင်ရေးအတွက် ငွေကြေးထောက်ပံ့မှုကောင်းမွန်သည့်နိုင်ငံ၊ အားပေးမှုစဉ်ဆက်မပြတ်သည့်နိုင်ငံ၊ လုံခြုံရေးနှင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိသည့်နိုင်ငံများသည် မိမိတို့ထက်သာလွန်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအချက်မှာ မိမိတို့နိုင်ငံ၏ အခြေအနေကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးကွယ်ဝရေးအတွက်ကို ယခုထက်ပိုမို ဆောင်ရွက်ရန်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံမှုနှင့် ပဋိပက္ခများမရှိရန် စသည့်အချက်များရှိရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်များ ဖြစ်ပေါ်လာပါက ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခု၏ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးအတွက် အားကစားကို အားပေးရန်လိုကြောင်း၊ လေ့ကျင့်မှုကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပြီး လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ၊ အားကစားကွင်းနှင့် အားကစားရုံများကို ကောင်းမွန်စွာဖြင့် ဖြည့်တင်းပေးရန်လိုသကဲ့သို့ အာဟာရပြည့်ဝအောင် ကျွေးမွေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့်လည်း စည်းကမ်းစနစ်တကျနေထိုင်ပြီး စားသောက်နေထိုင်မှု စနစ်တကျရှိရန်လိုကြောင်း၊ အားကစားသမားများအနေဖြင့် ကြံ့ခိုင်မှုပိုင်းဆိုင်ရာများနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ အားနည်းသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအတွက် စားသောက်မှုအပိုင်းကိုပြင်ဆင်ရန် လိုအပ်သည်များကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပွဲများ ဆောင်ရွက်ရာတွင်လည်း တိုင်းပြည်အတွက် အကျိုးရှိစေရေး စနစ်တကျဖြင့် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားပြုလုပ်ခြင်းသည် ပြည်သူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာအားကစားများအထိ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ အားကစားများ ဆောင်ရွက်ရာတွင် အဖြစ်သဘောဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ အောက်ခြေမှအစ ကောင်းမွန်အောင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားသမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဝအာမခံချက်များရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

- **အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုအဖြစ် KG+9 ပညာရေးစနစ်ကို မသင်မနေရအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း အဆိုပါပညာရေးစနစ်နှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း၊ ယင်းစနစ်သည် ၂၀၁၀ ပြည့်နှစ်က စတင်ခဲ့သည့် နှစ် ၃၀ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ KG+9 သင်ယူပြီးစီးပါက KG+10+11+12 မှ တစ်ဆင့် အဆင့်မြင့်ပညာရေးသို့လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်းအပါအဝင် အသက်မွေးပညာသင်ကျောင်းများသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်**
- **ပညာရေးကဏ္ဍတွင် နိုင်ငံရေးရောထွေးမှုမရှိစေရန် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးတွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားနိုင်သော်လည်း ပညာရေးနှင့် နိုင်ငံရေး ရောထွေး၍မရပါကြောင်း၊ နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးနယ်ပယ်သို့ သွားရောက်ဆောင်ရွက်ကြရမည်**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ရှိ ရေအားလျှပ်စစ်စက်ရုံများ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၌ နိုင်ငံခြားသားပညာရှင်များ ငှားရမ်းဆောင်ရွက်လျက်ရှိရာမှ နောင်တွင် မိမိတို့နိုင်ငံမှ အင်ဂျင်နီယာပညာရှင်များဖြင့် အစားထိုးဆောင်ရွက်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် အင်ဂျင်နီယာနည်းပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၊ နည်းပညာကောလိပ်များ၊ နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(ဗဟိုဝန်ထမ်းတက္ကသိုလ်)များတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းမှာ နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းများတွင် အခြေခံစစ်ပညာကို ထည့်သွင်းသင်ကြားပေးနေရခြင်းမှာလည်း နိုင်ငံ့ဝန်ထမ်းများ စည်းကမ်းတကျနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် သင်ကြားပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ပညာရေးနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုအဖြစ် KG+9 ပညာရေးစနစ်ကို မသင်မနေရအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း အဆိုပါပညာရေးစနစ်နှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေး ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ယင်းစနစ်သည် ၂၀၁၀ ပြည့်နှစ်က စတင်ခဲ့သည့် နှစ် ၃၀ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ KG+9 သင်ယူပြီးစီးပါက KG+10+11+12 မှ တစ်ဆင့် အဆင့်မြင့်ပညာရေးသို့ လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ စက်မှုလက်မှု အထက်တန်းကျောင်းအပါအဝင် အသက်မွေးပညာသင်ကျောင်းများသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆိုပါ အသက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကျောင်းများမှတစ်ဆင့် ထူးချွန်ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာ တက္ကသိုလ်ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာရေးနေ့သင်တန်းတက်ရောက်ခြင်းဖြင့် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးအသိုက်အဝန်း တည်ဆောက်နိုင်ပြီး စီမံခန့်ခွဲမှုအပိုင်းတွင် ပိုမိုအားကောင်းသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေနှင့် စီးပွားရေးပညာရပ်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် တက္ကသိုလ်များတွင် အဆိုပါ ပညာရပ်များနှင့် သက်ဆိုင်သည့်ဘွဲ့၊ ဒီပလိုမာများ ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်သူများအနေဖြင့် အဆင့်မြင့်အတန်းများ ဆက်လက်တက်ရောက်သွားနိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံရေးရောထွေးမှုမရှိစေရန် အမျိုးသားပညာရေး ဥပဒေပါပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးတွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားနိုင်သော်လည်း ပညာရေးနှင့် နိုင်ငံရေး ရောထွေး၍မရပါကြောင်း၊ နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးနယ်ပယ်သို့ သွားရောက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်သည့် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေများကို သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြစ်သည့်အတွက် မူဝါဒအပိုင်းတွင် တစ်မျိုးတည်းဖြစ်ရန်လိုအပ်ကြောင်း၊ မတူညီသည်များကို ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ကြောင်း၊ မြန်မာစာ၊ မြန်မာစကားသည် ပြည်ထောင်စု၏ တရားဝင်ရုံးသုံး၊ ကျောင်းသုံးစာပေဖြစ်သဖြင့် နိုင်ငံသားအားလုံးအနေဖြင့် သင်ကြားတတ်မြောက်ထားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးယန္တရားတွင် ခရိုင်ဖွဲ့စည်းမှုကို အဓိကထားစီမံဆောင်ရွက်ရသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသစ်ထပ်မံဖွဲ့စည်းထားသည့်ခရိုင်များအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအဖွဲ့များတွင် အရေးကြီးသည့် ဌာနဆိုင်ရာရုံးများ အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများအနေဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ပညာရေးကဏ္ဍနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုအလေးထားဦးစားပေးဆွေးနွေး ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# Monkeypox ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃၁**

Monkeypox ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် Monkeypox ရောဂါလက္ခဏာများရှိပါက သတင်းပေးပို့နိုင်ရေးအတွက် Health Declaration Card များတွင် Monkeypox ရောဂါ သံသယရောဂါလက္ခဏာများကို ထည့်သွင်းထားရှိရေး၊ ဝင်ထွက်ပေါက်များတွင် ကိုယ်အပူချိန်တိုင်းတာရေး၊ ရောဂါလက္ခဏာများကို စမ်းသပ်ကြည့်ရှုရေး စသည့် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ဖျားခြင်း၊ အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းလမ်းညွှန်ကို ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသို့ ဖြန့်ဝေခြင်းလုပ်ငန်းများ၊ မြန်မာနိုင်ငံအတွင်း Monkeypox ရောဂါ လူနာကို ပထမဦးဆုံးအနေဖြင့် တွေ့ရှိခြင်းဖြစ်စဉ် ဖြစ်ပွားလာပါက ပြင်ဆင်ဆောင်ရွက်ထားရှိမည့် လုပ်ငန်းများနှင့် အခြားသူများသို့ ဆက်လက်ကူးစက်မှုမရှိစေရေး သီးခြားခွဲခြားထားရှိခြင်း၊ အနီးကပ်ထိတွေ့သူများကို စောင့်ကြည့်ခြင်း စသည့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၊ Monkeypox ရောဂါကို အတည်ပြုပေးနိုင်ရေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးနိုင်ရေးနှင့် လူနာကို စနစ်တကျကုသပေးနိုင်ရေးအတွက် ကူးစက်မြန်ရောဂါများဆိုင်ရာ ဆေးကုသမှု စီမံခန့်ခွဲရေးကော်မတီ (Emerging and re–emerging infectious diseases clinical manage–ment committee)များအား လိုအပ်သလို ပြန်လည်ဖွဲ့စည်းခြင်းလုပ်ငန်းများ စသည့် လုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီ



အကောင်အထည်ဖော်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

## သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၃၁

၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅ ၌ "နိုင်ငံတော်သည်သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်"ဟု အခြေခံမူချမှတ်ထားပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရေပင်ကိုစိုက်ပျိုးပေးစဉ်။

နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ ၃၉၀ ၌ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားတိုင်းသည် တစ်ဦးချင်းအနေဖြင့်သာမက တစ်နိုင်ငံလုံးအနေဖြင့်ပါ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကို တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အသိပေးမှာကြားလိုကြောင်း။

သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသည် ဂေဟစနစ် ပြန်လည်ကောင်းမွန်ရှင်သန်ရေးနှင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားအဆင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်

❖ **သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်သည် လူသန်းပေါင်းများစွာ၏ လိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကိုလည်း ထိန်းညှိပေး**

❖ **သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့် ကုသိုလ်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်**

ဖြစ်ကြောင်း။

ယခင်နှစ်များတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိုးရာသီဖြစ်သည့် ဇွန်လနှင့် ဇူလိုင်လများတွင်သာ ကျင်းပခဲ့သည်ဖြစ်သော်လည်း ယခုနှစ်တွင် မိုးဦးကျစောပြီး ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် မေလအတွင်းမှစ၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲများ ဒေသအသီးသီးတွင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဇွန်နှင့် ဇူလိုင်လများတွင်လည်း နိုင်ငံနှင့်အဝှမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သစ်ပင်စိုက်ပွဲတော်များကို ဆက်လက်ကျင်းပသွားကြရန် မှာကြားလိုကြောင်း။

သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်သည် လူသန်းပေါင်းများစွာ၏ လိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးနေသကဲ့သို့ ရာသီဥတု ပြောင်းလဲမှုကိုလည်း ထိန်းညှိပေးကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်ကို စုပ်ယူသိုလှောင် ဖယ်ရှားပေးခြင်း၊ ရေနှင့်လေကို သန့်စင်ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ပေးခြင်း၊ ဝတ်မှုန်ကူးပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ် အဆင့်ဆင့်ဖြစ်ပေါ်စေခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် အကျိုးကျေးဇူးများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း။

ယင်းသို့ သစ်ပင်စိုက်ပျိုးကြရာတွင်လည်း တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရန် အရေးကြီးပြီး စိုက်သမျှသစ်ပင်ရှင်သန်စေရန်အတွက် အောင်လုံသန်စွမ်းသည့် သက်တမ်းရင့်ပျိုးပင်များဖြစ်ရန် အရေးကြီးသည့်အတွက် ပျိုးသက်နှစ်နှစ်သားနှင့်အထက်၊ အမြင့်နှစ်ပေအထက် သစ်ပင်များရရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

သစ်စေ့မှ စိုက်ပျိုးနိုင်သည့် အမြင့်နှစ်ပေနှင့်အထက်အရွယ် ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်ဖြစ်သည့်အတွက် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရေး၊ အကျိုးရှိစေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုကြောင်း။

သစ်ပင်စိုက်ပျိုးချိန်မှစ၍ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ ခါးဆွခြင်း၊ မီးဘေးကာကွယ်ခြင်း၊ **စာမျက်နှာ ၆ သို့** ○

❍ စာမျက်နှာ ၅ မှ

ကွဲပြားတိရစ္ဆာန်များ ဖျက်ဆီးခြင်း မရှိအောင် ကာကွယ်ခြင်း စသည့်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်ကြီးထွား အောင်မြင်နိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)၌ ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

### မှီခိုအားထားနေကြ

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ထင်း၊ မီးသွေးကို လောင်စာအဖြစ် အသုံးပြုကြဆဲဆိုသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ချက်ပြုတ် စားသောက်ရန်အတွက် အများစုသည် ထင်းကိုအဓိကထား သုံးစွဲကြသည်ဖြစ်သည့်အတွက် သဘာဝသစ်တောများအပေါ် မှီခိုအားထားနေကြကြောင်း၊ ယင်းကို လျှော့ချရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးရွာပိုင် ထင်းစိုက်ခင်းများကို တစ်ရွာလျှင် အနည်းဆုံး နှစ်ဧက စိုက်ပျိုးတည်ထောင်ကြရန် မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သကဲ့သို့ သစ်ပင်စိုက်ပျိုးရေးကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း ၂၈၇၁၅ ဧကအပြင် ၂၃၉၇၃၀၅၁ ပင် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း ၂၄၂၆၉ ဧက၌ အပင်ပေါင်း သန်း ၂၀ ခန့် စိုက်ပျိုးသွားရန်စီမံထားသည်ဟု သိရကြောင်း။

နိုင်ငံအတွင်း ဖောက်လုပ်ထားသည့် ဆက်သွယ်ရေး လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားပြည်သူလူထုအနေဖြင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် တောပါးနေရာများ၌ သစ်တောကွက်များ စနစ်တကျ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်က လမ်းပိုင်း ၆၈၆၃ ပိုင်းတွင် အပင်ပေါင်း ၂၇၈၅၇၃ ပင် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၂ ခုနှစ် မိုးရာသီ၌ လမ်းပိုင်း ၈၅၉ ပိုင်းတွင် အပင်ပေါင်း ၂၅၀၀၀၀ ကျော် စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ထို့ပြင် စိုက်ပျိုးပြီးသည်နှင့် မလုံလောက်ဘဲ ရှင်သန်ကြီးထွားအောင် ထိန်းသိမ်း စောင့်ရှောက်ရန်လည်း လိုအပ်ကြောင်း၊ စိုက်ပျိုးပြီးအပင်များကိုလည်း တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း။

### သစ်တောများ ပိုမိုပျက်စီးလာ

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ရှိသောကြောင့် တဖြည်းဖြည်းနှင့် သစ်တောဖုံးလွှမ်းမှုဧရိယာ လျော့နည်းလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည်ကို စိစစ်တွေ့ရှိရကြောင်း။

သစ်တော ပြုန်းတီးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများအနေဖြင့် ရာသီဥတု ဆိုးရွားစွာပြောင်းလဲလာခြင်း၊ မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာပြီး ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာ ပျက်စီးယိုယွင်းခြင်း၊ တောင်ပေါ်ဒေသ မြေဆီလွှာများ ပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်းစသည့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများနှင့် ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးစဉ်။

❖ **စိုက်ပျိုးပြီးအပင်များကိုလည်း တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**

❖ **သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ၂၀၂၁-၂၀၂၂ ခုနှစ် (Mini-budget)နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့တွင် သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားပြီး သဘာဝတောများ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိ**

တစ်ဖက်က သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ၂၀၂၁-၂၀၂၂ ခုနှစ် (Mini-budget)နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့တွင် သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားပြီး သဘာဝတောများ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် သစ်အလုံးလိုက်နှင့် ခွဲသား ပြည်ပသို့ ရောင်းချခြင်းကိုလည်း ခွင့်မပြုဘဲ ကုန်ချောထုတ်လုပ်ပြီးမှသာ တင်ပို့ရောင်းချရေး ထိန်းသိမ်းဆောင်ရွက်နေကြောင်း။

### အဓိကထားဆောင်ရွက်နေ

နေပြည်တော် ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်နေသည်ဖြစ်သည့်အတွက် Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တော သစ်ပင်များနှင့် စိမ်းလန်းစိုပြည်စေရေး၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့ကိုလည်း အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းသို့ဆောင်ရွက်နေမှုများသည် မိမိတို့အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြည်သည့် ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သော မြို့ပြများကို ထာဝရကောင်းမွန်နေသော အမွေအဖြစ် ပေးနိုင်ရန် ကြိုးစားလုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ❍

☆ နိုင်ငံတော်၏ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရန်နှင့် သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံပိုင်သစ်တောစိုက်ခင်းများကို တိုးမြှင့်တည်ထောင်ဆောင်ရွက်လျက်ရှိ

☆ စီးပွားရေးစိုက်ခင်းများကို အောင်မြင်အောင် တည်ထောင်ထိန်းသိမ်းနိုင်မည်ဆိုပါက နောင်ကာလတွင် နိုင်ငံတော်အတွက် သစ်လိုအပ်ချက်ကို သဘာဝတောများကို ထိခိုက်ခြင်းမရှိစေဘဲ ထုတ်ယူနိုင်မည်

○ စာမျက်နှာ ၆ မှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ် ကာလအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကို လျှော့ချပြီး တိုင်းပြည်၏ အရန်သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် ပြန်လည်မျှတလာစေရေး၊ နိုင်ငံပိုင်သစ်တောများ ရေရှည်တည်တံ့စေရေး၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် **"သစ်ပင်စိုက်ပျိုးရေးပွဲတော်များ နိုင်ငံအနှံ့ ကျင်းပ၍ စိမ်းလန်းသည့် မြန်မာ့ရေမြေ တောတောင်ဖြစ်အောင် ဖန်တီးပုံဖော်ကြရမည်"** ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**စိုက်ပျိုးပေး**

ထို့နောက် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)ရှိ အမှတ်(၁) နေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပျဉ်းကတိုး ပျိုးပင်ကိုလည်းကောင်း သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)ရှိ အမှတ်(၁) နေရာတွင် ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)၌ အခမ်းအနားသို့ တက်ရောက်လာကြသူများ တပျော်တပါး ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)ရှိ အမှတ်(၂)နေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယင်းမာပျိုးပင်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပန်းမဲဇလီ ပျိုးပင်ကိုလည်းကောင်း ကျောင်းသား ကျောင်းသူများနှင့်အတူ သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသူများက ရန်အောင်မြင် ကြိုးဝိုင်း အကွက်(၁၃)ရှိ အမှတ်(၂)နေရာတွင် ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယနေ့အခမ်းအနားတွင် စိန်ပန်းနီ၊ သပြေဘူတ၊ ကျူးလစ်၊ ငုရွှေဝါ၊ ပျဉ်းမ၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သင်းဝင်၊ အင်ကြင်း၊ ယမနေ၊ ယင်းမာ၊ ကျွန်း၊ ဆီးသပြေ၊ မဟော်ဂနီ၊ ဒဟတ်၊ သခွတ်၊ မဲဇလီ၊ ထနောင်း၊ ရင်းတိုက်၊ မြန်မာရှား၊ ပနားမားငု၊ ပန်းမဲဇလီ၊ တမာ၊ သက်န်း၊ ဝါးမင်း၊ ပန်းပိတောက်၊ စွယ်တော်၊ ငုစပ်၊ မည်စည်၊ ယူကလစ်၊ ခရေ၊ ဖျောက်ဆိပ်၊ ဝါးဘိုးနှင့် ထီးရိုးဝါး စသည့် ပျိုးပင် ၃၅ မျိုး၊ ပျိုးပင်အရေအတွက် ၂၇၃၉ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယခု၂၀၂၂ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များအနေဖြင့် ပျိုးပင်ပေါင်း ၃၀ ဒသမ ၅၇သန်း စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**တိုးမြှင့်တည်ထောင်လျက်ရှိ**

မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် FAO ၏ ၂၀၂၀ ပြည့်နှစ် တွက်ချက်မှုအရ နိုင်ငံကုန်းမြေအကျယ်အဝန်း၏ ၄၉ ဒသမ ၁၉ ရာခိုင်နှုန်းသာ ရှိသည့်အတွက် နိုင်ငံတော်၏ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရန်နှင့် သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံပိုင်သစ်တောစိုက်ခင်းများကို တိုးမြှင့်တည်ထောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်တာကာလအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (MRRP)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံချက်နှင့်အညီ အဖိုးတန်သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူး စိုက်ခင်းများအပြင် ရေဝေရေလဲနှင့် ဒီရေတောစိုက်ခင်းများကို ဧက ၄၂၀၀၀ ကျော် တည်ထောင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းတွင်လည်း ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း၊ စီးပွားရေးစိုက်ခင်းများကို အောင်မြင်အောင် တည်ထောင်ထိန်းသိမ်းနိုင်မည်ဆိုပါက နောင်ကာလတွင် နိုင်ငံတော်အတွက် သစ်လိုအပ်ချက်ကို သဘာဝတောများကို ထိခိုက်ခြင်းမရှိစေဘဲ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ ကျောဖုံးမှ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးလော့ယာကု၊ ဆွေးနွေးရေး ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ပြင်ပဆက်ဆံရေးဌာန ဒုတိယဌာနကြီးမှူး ဦးပေါက်အိုက်ကောနှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်းတို့ တက်ရောက်ကြသည်။

**အပြန်အလှန်ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အာဟာရပြည့်ဝပြီး ဈေးနှုန်းချိုသာသော မွေးမြူရေးထွက်ကုန်များကို ပြည်သူများ ပေါပေါများများ စားသုံးနိုင်ကြရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိ

**နေပြည်တော် မေ ၃၁**

နိုင်ငံတကာ၏ ငွေကြေးဈေးနှုန်းအပြောင်းအလဲများ၊ ကုန်သွယ်မှုဆိုင်ရာများ ကြုံတွေ့နေရသည့် လက်ရှိအခြေအနေကို အခွင့်အရေးတစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် အရည်အသွေးမြင့်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်သော ထုတ်ကုန်များကို အလေးထားထုတ်လုပ်ကြရန်လိုကြောင်း၊ ပြည်တွင်းဈေးကွက်ဝေစုရရှိရေးသာမက ပြည်ပပို့ကုန်အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်အထိ ဝင်ရောက်ရန်မျှော်မှန်းကြိုးပမ်းကြစေလိုကြောင်း၊ မေ ၃၀ ရက်က မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အားပေးကူညီလျက်ရှိကာ အာဟာရပြည့်ဝပြီး ဈေးနှုန်းချိုသာသော မွေးမြူရေးထွက်ကုန်များကို ပြည်သူများ ပေါပေါများများ စားသုံးနိုင်ကြရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် ပြည်တွင်းထုတ် နို့နှင့် နို့ထွက်ပစ္စည်းများအပါအဝင် မွေးမြူရေးကို အခြေခံသည့် ကုန်ချောထုတ်စက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာပေါ်ထွန်းလာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ် အောင်သာကျေးရွာ မိုးကြိုးချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၂၅၀ စံပြကွင်းရှိ ရွှေတောင် ၁၀ ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်ပွားများဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရာတွင် အကျိုးဆောင် တောင်သူများ၏ အရေးပါမှု၊ ဝါသီးနှံ၏ ဈေးကွက်အလားအလာနှင့် ဝန်ကြီးဌာနက နည်းပညာနှင့် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ပျော်ဘွယ်မြို့နယ် ဝါသီးနှံမျိုးသန့်ခြံတွင် ချည်မျှင်ရှည်ဝါ စိုက်ပျိုးချိန်အလိုက် ဝါအထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုလေ့လာခြင်း၊ အရည်အသွေးကောင်း ဝါမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် တောင်သူပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တောင်သူများ စီးပွားရေးတွက်ခြေကိုက်သည့် အထွက်နှုန်းနှင့်ဝင်ငွေရရှိစေမည့် ဝါမျိုးကောင်းမျိုးသန့်များ တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ချက်များ၊ ရေမြေရာသီဥတုနှင့် သီးနှံ၏မျိုးဗီဇအရ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အလေအလွင့်မရှိ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**မြန်မာ့ပင်လယ်ပြင်**

**နေပြည်တော် မေ ၃၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အာဆီယံစီးပွားရေးရာ ဆွေးနွေးအဖြေရှာ

မမိုးပြာ(ရင်းနှီး/စီးပွား)

**အာဆီယံစီးပွားရေးရာ ဆွေးနွေးအဖြေရှာဖို့**

အာဆီယံစီးပွားရေးဝန်ကြီးတွေရဲ့ အထူးအစည်းအဝေးကို မေ ၁၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာ ကျင်းပခဲ့ပါတယ်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံရဲ့ အာဆီယံဒေသတွင်း စိန်ခေါ်မှုများအား အတူတကွရင်ဆိုင်ဖြေရှင်းခြင်း၊ အာဆီယံ အေ စီ တီ (ASEAN A.C.T) ( Addressing Challenges Together ) ဆိုတဲ့ Theme နဲ့ ကျင်းပဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်တဲ့အချိန်ကစပြီး online အစည်းအဝေးမှာသာ ဆုံတွေ့ခဲ့ကြတဲ့ စီးပွားရေးဝန်ကြီးများဟာ အခုလို မျက်နှာချင်းဆိုင်ဆုံဖြစ်ခဲ့ကြတော့ လန်းဆန်းတက်ကြွနေခဲ့ကြတယ်။ အဆီးအတားနဲ့စိန်ခေါ်မှုများကို အရှန်းဖောက်ဆွေးနွေးနိုင်ခဲ့ကြတယ်။ စိန်ခေါ်မှုများနဲ့ အကျွမ်းတဝင်ရှိနေကြတဲ့ အလားပါပဲ။

အစည်းအဝေးကိုတော့ ကမ္ဘောဒီးယားနိုင်ငံက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ကျန်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများက တက်ကြွစွာ ဝိုင်းဝန်းဆွေးနွေး အဖြေရှာခဲ့ကြပါတယ်။ အချို့ကိစ္စရပ်တွေကတော့ အဖြေထွက်စရာမလိုဘဲ မိမိနိုင်ငံရဲ့ အခြေအနေနဲ့ ရပ်တည်ချက်များအတိုင်း ဆွေးနွေးဖြစ်ကြတာပဲ ဖြစ်ပါတယ်။

**အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများ**

အားလုံးသိရှိကြတဲ့အတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တွေ ရပ်ဆိုင်းခဲ့ရခြင်းကြောင့် ကမ္ဘာ့စီးပွားရေးကို ပြန်လည်နိုးထဦးမော့စေဖို့ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့လည်း သက်ဆိုင်ရာအစီအမံတွေ ရှိကြသလို အာဆီယံဒေသတွင်းမှာလည်း အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် (ASEAN Comprehensive Recovery Framework -ACRF) ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ကမ္ဘာ့စိန်ခေါ်မှုများကို အဖြေရှာရန်၊ ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ဒေသတစ်ခုဖြစ်ရန် လိုအပ်လာပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါအပြင် ရုရှား-ယူကရိန်း ပဋိပက္ခကြောင့်လည်း ဒေသတွင်းမှာ နှစ်ထပ်ကွမ်း စီးပွားရေးရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

မည်သို့ဆိုစေ အာဆီယံဒေသတွင်း ဂျီဒီပီ တိုးတက်မှုဟာ ၂၀၂၂ ခုနှစ်အတွင်း ၄ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ၂၀၂၃ ခုနှစ်အတွင်းတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိရောက်ရှိရန် မျှော်မှန်းထားပြီး ကပ်ရောဂါမတိုင်မီ ကာလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မယ်လို့ ခန့်မှန်းပါတယ်။ သို့သော် ဒီခန့်မှန်းချက်က အာဆီယံဒေသတွင်း ပျမ်းမျှတိုးတက်မှုနှုန်းသာဖြစ်ပြီး အာဆီယံနိုင်ငံများအကြားမှာ ဒေသတွင်း ကိုဗစ်ရောဂါကာကွယ်ဆေးထိုးမှုဟာ စုစုပေါင်းလူဦးရေရဲ့ ၆၄ ဒသမ ၄ ရာခိုင်နှုန်းထိ ရောက်ရှိခဲ့ပြီဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများကို သက်ဆိုင်ရာကျန်းမာရေးစည်းကမ်းများနဲ့အညီ ပြန်လည်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

အာဆီယံ၏ဒေသတွင်းစီးပွားရေး အရှိန်အဟုန်နဲ့ ပြန်လည်ဦးမော့လာမှု တိုးတက်လာစေဖို့ဆိုတာ-

- လက်ရှိ ပထဝီနိုင်ငံရေး အခြေအနေကောင်းမွန်ခြင်း ၊
- ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ပြတ်တောက်မှု မဖြစ်စေရေး၊
- အဓိကကုန်စည်များ ပြတ်တောက်မှုမရှိစေရေး၊
- ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားများလျှော့ချနိုင်ရေးနဲ့
- နိုင်ငံများအကြား နားလည်မှုနဲ့အတူ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းတို့အပေါ်မူတည်မှာ ဖြစ်ပါတယ်။



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပစဉ်။

> **“အားလုံးသိရှိကြတဲ့အတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တွေ ရပ်ဆိုင်းခဲ့ရခြင်းကြောင့် ကမ္ဘာ့စီးပွားရေးကို ပြန်လည်နိုးထဦးမော့စေဖို့ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့လည်း သက်ဆိုင်ရာအစီအမံတွေရှိကြသလို အာဆီယံဒေသတွင်းမှာလည်း အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် (ASEAN Comprehensive Recovery Framework -ACRF) ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ကမ္ဘာ့စိန်ခေါ်မှုများကို အဖြေရှာရန်၊ ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ဒေသတစ်ခုဖြစ်ရန် လိုအပ်လာ”**

သို့မဟုတ်ပါက စီးပွားရေးတိုးတက်မှုကို အားလျော့နိုင်မှာ ဖြစ်ပါတယ်။ ဒေသတွင်းဈေးကွက်ဖွင့်လှစ်ခြင်းနဲ့ ဈေးကွက်ချဲ့ထွင်ခြင်းတို့ဟာ အလုပ်အကိုင်ဖန်တီးမှုတွေနဲ့အတူ ဒေသတွင်း ပြည်သူတွေရဲ့ဝင်ငွေကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ အာဆီယံဒေသတွင်းမှာနေထိုင်တဲ့လူဦးရေ သန်း ၆၀၀ ကျော်ရဲ့ ဝယ်နိုင်စွမ်းအားကိုလှုပ်နိုးပြီး စီးပွားရေးအဆောက်အအုံကို ပြန်လည်နိုးကြွအောင် လှုံ့ဆော်ဆောင်ရွက်ဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။ ဒီနေရာမှာ အင်တာနက်ရှိနေရင် လူတိုင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရေးနဲ့ အရောင်းအဝယ်များ ဖြစ်ပေါ်စေရေးအတွက် ဒေသတွင်းမှာ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေး လိုအပ်လျက်ရှိပါတယ်။ E Commerce, On Line ဘဏ်စနစ်နဲ့ငွေပေးချေမှုတို့နဲ့အတူ စီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်စပ်အဖွဲ့အစည်းဌာနတွေဟာ Digital Platform ပေါ်မှာ ရောက်ရှိပြီး ဝန်ဆောင်မှုတွေ ပေးနေကြဖို့ လိုအပ်လာပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်တစ်ရပ်ဖြစ်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) တိုးတက်မှုကိုလည်း အရှိန်မြှင့်တင်ဖို့ လိုအပ်လာပါတယ်။

ဒါ့ကြောင့် အာဆီယံဝန်ကြီးများက စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ဖို့၊ လက်ရှိဖြစ်ပေါ်နေသော ရုရှား-ယူကရိန်း အရေးကြောင့် စက်သုံးဆီ၊ စားသုံးဆီနှင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မှု၊ မရှိမဖြစ်အရေးကြီး အခြေခံကုန်စည်များအား ဒေသတွင်းနိုင်ငံတွေအကြား ခွဲဝေသုံးစွဲမှုနဲ့ ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်နေမှုများကို လျှော့ချနိုင်ရန်အတွက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ တင်ပို့၊ ရောင်းချမှုနဲ့ စပ်လျဉ်းတဲ့ ထောက်ပံ့မှုကွင်းဆက်များ (Supply Chain) ပိုမိုကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုနဲ့ ဒစ်ဂျစ်တယ်စီးပွားရေး အားကောင်းစေရေး ဆောင်ရွက်ရန်၊ အနာဂတ်တွင် ဖြစ်ပေါ်နိုင်တဲ့ ကပ်ရောဂါကြောင့် ထိခိုက်မှုများမှ ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်ရန်၊ အာဆီယံအနေဖြင့် ဒေသပြင်ပနိုင်ငံတွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံရဲ့ အချက်အချာကျမှုနှင့် အာဆီယံဗဟိုပြု ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များအား တာဝန်ပေးအပ်ရန်တို့ကို ဆွေးနွေးခဲ့ကြပါတယ်။

**အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ် စီးပွားရေး မဟာဗျူဟာနှင့် ဥရောပသမဂ္ဂ၏ အင်ဒို-ပစိဖိတ်ဆိုင်ရာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အာဆီယံ၏အမြင်**

အင်ဒို-ပစိဖိတ်ဒေသဟာ မကြာသေးမီနှစ်များအတွင်း မဟာဗျူဟာအရ အရေးကြီးတဲ့ ဒေသတစ်ခုဖြစ်လာပါတယ်။ ယခင်ကတော့ ဒီသဘောတရားတွေ၊ မဟာဗျူဟာတွေကို နိုင်ငံခြားရေးဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးများအကြား ဆွေးနွေးခဲ့တာဖြစ်ပေမယ့် ဒီခေါင်းစဉ်က စီးပွားရေးစကားဝိုင်းကိုလည်း ရွှေ့လာခဲ့ပြီဖြစ်ပါတယ်။ သဘောကတော့ ပထဝီနိုင်ငံရေး (Geo-politics) တင်သာမက ပထဝီစီးပွားရေး (Geo-economy) ကလည်း အရေးပါလာပြီဖြစ်ပါတယ်။

အာဆီယံ၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ အီးယူနဲ့ အမေရိကန်နိုင်ငံတို့ဟာ ကမ္ဘာလုံးဆိုင်ရာ အနာဂတ်စိန်ခေါ်မှုတွေကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းစေမယ့်စည်းမျဉ်း အခြေခံနိုင်ငံတကာအစီအစဉ်တစ်ရပ်ကို ပုံဖော်နိုင်ဖို့အတွက် ပထဝီဗျူဟာနဲ့ ပထဝီစီးပွားရေး အစီအစဉ်များ၊ အကျိုးစီးပွားတွေနဲ့ ဦးစားပေးတွေကို မြှင့်တင်ဖို့ မဟာဗျူဟာတစ်ခုစီကို ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

အီးယူရဲ့ မဟာဗျူဟာကို ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ အီးယူကော်မရှင်က ကြေညာခဲ့ပြီး အီးယူရဲ့ မျှော်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ဆောင်ရွက်မယ့် ဦးစားပေးနယ်ပယ် ခုနစ်ခုကို သတ်မှတ်ခဲ့ပါတယ်။ အဲဒီနယ်ပယ်တွေကတော့ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (Sustainable and Inclusive Prosperity)၊ အစိမ်းရောင်ကူးပြောင်းရေး (Green Transition)၊ သမုဒ္ဒရာအုပ်ချုပ်ရေး (Ocean Governance)၊ ဒစ်ဂျစ်တယ်အုပ်ချုပ်ရေးနှင့် မိတ်ဖက်ဆက်ဆံရေး (Digital Governance and Partnerships)၊ ပေါင်းစည်းဆက်သွယ်ရေး (Connectivity)၊ လုံခြုံရေးနှင့် ကာကွယ်ရေး (Security and Defense )နှင့် လူသားများ၏လုံခြုံရေး (Human Security)တို့ပဲ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အင်ဒို -ပစိဖိတ်ဆိုင်ရာ မဟာဗျူဟာကိုတော့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီအတွင်းမှာ အိမ်ဖြူတော်က ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအရ လွတ်လပ်သော၊ ပွင့်လင်းသော၊ အချင်းချင်းချိတ်ဆက်ထားသော၊ ကြွယ်ဝချမ်းသာသော၊ လုံခြုံမှုရှိသော၊ ကြံ့ကြံ့ခံနိုင်သောဒေသဖြစ်စေဖို့ ရည်မှန်းချက်ထားရှိကြောင်း ဖော်ပြပါဝင်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို အကောင်အထည်ဖော်ဖို့အတွက် အောက်ဖော်ပြပါ Action Plan ၁၀ ခုအား ဆောင်ရွက်ရန်ဖြစ်ပါတယ်။ အဲဒါတွေကတော့-

- အင်ဒို-ပစိဖိတ်ဒေသသို့ အရင်းအမြစ်အသစ်များ ရောက်ရှိစေခြင်း၊
- အင်ဒို-ပစိဖိတ် စီးပွားရေးမူဘောင်တစ်ခုကို ဦးဆောင်ခြင်း၊
- အဟန့်အတားတွေကို ထိုးဖောက်နိုင်မယ့် နည်းလမ်းများရှာဖွေဆောင်ရွက်ခြင်း၊
- စွမ်းအားမြင့်မားပြီး ပိုမိုစည်းလုံးညီညွတ်တဲ့ အာဆီယံဖြစ်ပေါ်စေခြင်း၊
- အိန္ဒိယနိုင်ငံရဲ့ တိုးတက်မှုနဲ့ ဒေသဆိုင်ရာဦးဆောင်မှုကို အထောက်အကူပြုခြင်း၊
- Quad အတွက် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ခြင်း၊
- အမေရိကန်-ဂျပန်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ခြင်း၊
- ပစိဖိတ်ကျွန်းများရှိ ကြံ့ကြံ့ခံနိုင်စွမ်းအားတည်ဆောက်ရန် မိတ်ဖက်ပြုခြင်း၊
- ကောင်းမွန်သော အုပ်ချုပ်မှုနဲ့တာဝန်ယူမှုတို့ကို ပံ့ပိုးခြင်းနဲ့
- ပွင့်လင်း၍ ကြံ့ကြံ့ခံနိုင်ပြီး လုံခြုံမှုနဲ့ယုံကြည်ရတဲ့ နည်းပညာများပံ့ပိုးခြင်း စတဲ့ လုပ်ငန်းစဉ် ၁၀ ခုကို လာမယ့် ၁၂ လမှ ၂၄ လအတွင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်ဆိုင်ရာ မဟာဗျူဟာမှာ အမေရိကန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်ဒေသတွင်း လုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာ ၎င်း၏မိတ်ဖက်များနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားကြောင်း၊ အဆိုပါ အင်ဒို-ပစိဖိတ် မဟာဗျူဟာလုပ်ငန်းစဉ်တွေနဲ့ ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံနဲ့ လက်ရှိဆောင်ရွက်နေတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုမြှင့်တင်နိုင်မှာဖြစ်ကြောင်း၊ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်တွေမှာ အာဆီယံအနေနဲ့ ပေါင်းကူးသဖွယ် ဆောင်ရွက်နိုင်မယ့်အပြင် အာဆီယံရဲ့ ဦးစားပေးလုပ်ငန်းတွေကို အထောက်အကူပြုနိုင်မယ့် အကျိုးကျေးဇူးတွေကို ရရှိနိုင်မှာဖြစ်ကြောင်း၊ အာဆီယံရဲ့ အချက်အချာကျမှုကို ပိုမိုဆောင်ရွက်နိုင်ကြောင်း စတာတွေလည်း ဖော်ပြပါဝင်ပါသေးတယ်။ အာဆီယံ အင်ဒို-ပစိဖိတ် အမြင်ဖြင့် အာဆီယံရဲ့ အချက်အချာကျမှုနဲ့ မျှတမှုကို အလေးပေးဆောင်ရွက်ဖို့ တိုက်တွန်းရေးသားထားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

စီးပွားရေးအင်အားကြီး နိုင်ငံများအနေနဲ့ အင်ဒို-ပစိဖိတ် ဒေသတွင်းအားပြိုင်မှုများ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေကို အလေးထားစဉ်းစားဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ အာဆီယံရဲ့ ပေါင်းစည်းညီညွတ်မှုနဲ့ အားလုံးပါဝင်နိုင်ပြီး အကျိုးကျေးဇူးရှိစေမယ့် နည်းလမ်းများဖြင့် အာဆီယံ၏ အချက်အချာကျမှုကို ထိန်းသိမ်းရန်လိုအပ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား "ဖွံ့ဖြိုးမှုကွာဟချက်"ကို ထည့်သွင်းစဉ်းစားပြီး အာဆီယံရဲ့ပေါင်းစည်းမှုကို မြှင့်တင်နိုင်မယ့် လုပ်ငန်းစဉ်တွေကိုသာ ဦးစားပေးဆောင်ရွက်ကြဖို့လိုကြောင်း သုံးသပ်မိပါတယ်။

**ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အကောင်အထည်ဖော်ခြင်း**

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership– RCEP) သဘောတူစာချုပ်ကို အခြားသော အာဆီယံနိုင်ငံများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံများနဲ့အတူ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုးထားတာ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ဩစတြေးလျ၊ ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ လာအို၊ နယူးဇီလန်၊ စင်ကာပူ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ကလည်းကောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံကလည်းကောင်း၊ ၂၀၂၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် မလေးရှားနိုင်ငံကလည်းကောင်း အသက်ဝင်ပြီးဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ဟာ စာချုပ်အသက်ဝင်ရေး ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ RCEP သဘောတူစာချုပ် အသက်ဝင်ရေးလုပ်ငန်းစဉ်များကို အပြီးသတ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့မှလွဲ၍ ကျန်အာဆီယံနိုင်ငံများနဲ့က ၂၀၂၂ ခုနှစ် မတ်လ ၄ ရက်နေ့က စာချုပ်အသက်ဝင်ပြီး ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ကတော့ အသက်ဝင်ရေးအတွက် ၎င်းနိုင်ငံတွေရဲ့ ပြည်တွင်းလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။ အာဆီယံမဟုတ်တဲ့ စာချုပ်ဝင်နိုင်ငံများထဲက တရုတ်နိုင်ငံနဲ့ ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှာ စာချုပ်အသက်ဝင်ပြီး ဖြစ်ပါတယ်။ ကျန်နိုင်ငံများနဲ့လည်း နှစ်နိုင်ငံချင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများအပြင် လက်ရှိဖြစ်ပေါ်နေတဲ့ ရုရှား-ယူကရိန်း အရေးကြောင့် ငွေကြေးဖောင်းပွမှုနဲ့ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းများ မြင့်တက်မှုကိုလည်း ခံစားနေရတဲ့အတွက် RCEP သဘောတူစာချုပ် အသက်ဝင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍတွေအတွက် စီးပွားရေးထိခိုက်မှုတွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ အာဆီယံအနေနဲ့ အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းညီညွတ်မှု၊ အားလုံးအကျုံးဝင်မှုနဲ့ အာဆီယံရဲ့ အချက်အချာကျမှုတို့ကို RCEP သဘောတူစာချုပ် အကောင်အထည်ဖော်မှုမှာပြသဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့အတွက် အာဆီယံမိသားစုဝင်အနေနဲ့ မြန်မာနိုင်ငံရဲ့ အရေးကိစ္စရပ်တွေကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံဘက်က ရပ်တည်သွားမှာဖြစ်ကြောင်း ဆွေးနွေးမှုတွေကို အားတက်ဖွယ် တွေ့ကြုံခဲ့ရပါတယ်။

**အာဆီယံ စီးပွားရေးဦးမော့လာစေဖို့ စက်မှုအခြေခံစီမံချက်များ**

အာဆီယံစက်မှု ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို ၁၉၇၆ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်၊ ၁၉၈၁ ခုနှစ်နဲ့ ၁၉၈၃ ခုနှစ်တို့မှာ လုပ်ငန်းစီမံချက်များနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အစဉ်အလာရှိခဲ့ပြီး အဆိုပါစီမံချက်တွေဟာ စိန်ခေါ်မှုများရှိခဲ့ပေမယ့် အောင်မြင်မှုအဆင့်တစ်ခုသို့ ရောက်ရှိခဲ့ကြပါတယ်။ ကပ်ရောဂါအလွန် အရေးကြီးကုန်စည်များထုတ်လုပ်မှုကွင်းဆက်များ မပြတ်စေရေးအတွက် အာဆီယံစက်မှုပူးပေါင်းဆောင်ရွက်မှုစီမံချက်ကို ပြန်လည်အကောင်အထည်ဖော်သင့်တယ်လို့ ဆွေးနွေးကြပါတယ်။ ယခုဆောင်ရွက်ဆဲစီမံချက်တွေမှာ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ RCEP နှင့် အာဆီယံအပေါင်း လွတ်လပ်သော ကုန်သွယ်မှုဒေသအသစ်များ အောက်ရှိ ဒေသတွင်းဗိသုကာ နယ်ပယ်အသစ်များကိုလည်း စီမံချက်မှာထည့်သွင်းပါဝင်ရန် ဖြစ်ပါတယ်။

အာဆီယံစက်မှုပူးပေါင်းဆောင်ရွက်မှုစီမံချက်ဟာ အာဆီယံအတွင်း ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ချဲ့ထွင်ပေးသွားဖို့၊ ထုတ်လုပ်မှုမှာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ဖို့၊ ပုဂ္ဂလိကပါဝင်မှုကိုအားပေးဖို့၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိစေဖို့နဲ့ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုများကို မြှင့်တင်ဖို့ ရည်ရွယ်ပါတယ်။ ဒီစက်မှုပူးပေါင်းဆောင်ရွက်ရေးစီမံချက်တွေကို ပုဂ္ဂလိကကဏ္ဍက ဦးဆောင်ပြီး ဆောင်ရွက်ရန်နဲ့ ဒေသတွင်း အရေးကြီးကုန်စည်များ (Essential Goods) ကွင်းဆက်မပြတ်စေဖို့အတွက် အစားအစာ၊ ကာကွယ်ဆေးနဲ့ဆေးပစ္စည်းများ ထုတ်လုပ်မှုမှာ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးကြောင်းတို့ကိုလည်း အလေးပေးဆွေးနွေးခဲ့ကြပါတယ်။

ကိုဗစ်-၁၉ အလွန် အာဆီယံစီးပွားရေးပြန်လည်ဦးမော့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာမှာ ကြိုတင်မျှော်မှန်းမထားတဲ့ ရုရှား-ယူကရိန်း စစ်ပွဲအပါအဝင် ကမ္ဘာ့နိုင်ငံကြီးများရဲ့ စီးပွားရေးတုံ့နှေးလာမှုဟာ အာဆီယံနိုင်ငံအားလုံးအပေါ် စီးပွားရေးအရ သက်ရောက်မှုများရှိခဲ့ကြတာကြောင့် အာဆီယံဒေသတွင်းနိုင်ငံများအနေနဲ့ လက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို အာဆီယံရဲ့ ပေါင်းစည်းညီညွတ်မှုနဲ့ ဘယ်လိုဖြေရှင်းကြမလဲ၊ အာဆီယံရဲ့ အချက်အချာကျမှုကို ဘယ်လိုအသုံးချမလဲ၊ ဦးစားပေးမှုတွေကို ဘယ်လိုကိုက်ညီအောင် ဆောင်ရွက်နိုင်မလဲဆိုတဲ့ ကိစ္စရပ်တွေဟာ အလွန်အရေးပါပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရုရှား-ယူကရိန်းအရေးကြောင့် စက်သုံးဆီ၊ စားသုံးဆီနဲ့ ကုန်စည်ဈေးနှုန်းတွေ မြင့်တက်လာခြင်းအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မှု၊ မရှိမဖြစ် အရေးကြီးအခြေခံကုန်စည်တွေကို ဒေသတွင်းနိုင်ငံတွေအကြား ခွဲဝေသုံးစွဲမှုနဲ့ ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်နေတာတွေကို လျှော့ချနိုင်ဖို့အတွက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ တင်ပို့၊ ရောင်းချမှုနဲ့ စပ်လျဉ်းတဲ့ ထောက်ပံ့မှုကွင်းဆက်များ (Supply Chain)များ ပိုမိုကောင်းမွန်ရေး ဘယ်လိုထိန်းသိမ်းဆောင်ရွက်ကြမလဲဆိုတာ အာဆီယံစီးပွားရေးရာအနေနဲ့ ဆွေးနွေးအဖြေရှာခဲ့ကြပါကြောင်း မျှဝေလိုက်ရပါတယ်။




အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(ဌ)တွင် ပြဋ္ဌာန်းထားသော " နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း" တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဦးဆောင်ပြီး ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ကယားပြည်နယ် အခြေစိုက်ဖြစ်သော ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(Kayah State Democratic Party)ကို ကယားပြည်နယ် လွိုင်ကော်မြို့တွင် မေ ၂၇ ရက်မှ ၂၉ ရက်အထိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုကိုးကျွန်း၌ မေထုန်မဲ့သားစပ်ခြင်းနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့တွင် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးစေရန်နှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ တိုးတက်စေရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မေထုန်မဲ့သားစပ်ခြင်းနှင့် တိရစ္ဆာန်အစာပင်စိုက်ပျိုးရေးသင်တန်းကို မေ ၃၀ ရက်မှ ဇွန် ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကိုကိုခိုင်၊ ဒုတိယဦးစီးမှူး ဒေါက်တာအောင်သင်း၊ ဒေါက်တာဇော်မင်းဦးတို့က မေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း၊ ဇီဝမြေဩဇာထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်တို့ကို လက်တွေ့သင်ကြားပို့ချလျက်ရှိပြီး ထိုသို့လက်တွေ့ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြက်မျိုးစေ့လေးကီလို၊ မျိုးချောင်း ၇၀၊ နိုက်ထရိုဂျင် လီတာ ၃၀ အိုး တစ်အိုး၊ မျိုးချောင်းထည့်သွင်းသည့် ကိရိယာ ငါးချောင်း၊ လက်အိတ်နှင့် တိရစ္ဆာန်မွေးမြူရေးစာအုပ်များ၊ မေထုန်မဲ့သားစပ်နည်းစာအုပ်များ၊ တိရစ္ဆာန်ပင်စိုက်ပျိုးခြင်းစာအုပ်များကို ပံ့ပိုးခဲ့ကာ သင်တန်းသား ၁၅ ဦးအား လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ညီမိုးသူ(သတင်းစဉ်)**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်**
**၂၀၂၂ ခုနှစ် မေလ(၃၁)ရက်**

နိုင်ငံတော်အစိုးရတာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများအား ဇွန်လ ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပြီး မေလ ၂၅ ရက်မှစတင်၍ ကျောင်းအပ်နှံမှုများအား စတင်လက်ခံဆောင်ရွက်ခြင်း၊ ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပြီး အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ၃ ဦး မိုင်းစထိမှန်စိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ ၄ ဦးနှင့် အရပ်သားဝန်ထမ်း ၁ ဦးတို့ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)အနေဖြင့် ပြင်းထန်စွာပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်**
**၂၀၂၂ ခုနှစ် မေလ(၃၁)ရက်**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး ဇွန်လ ၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်ကလေးငယ်များ၏ ပညာရေး နောက်ကျမှုမရှိစေရေး ဆောင်ရွက်လျက်ရှိစဉ် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

၃။ ဖြစ်စဉ်တွင် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ၃ ဦး၊ လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ ၄ ဦးနှင့် အရပ်သားဝန်ထမ်း ၁ ဦးတို့ ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

၄။ ထိုကဲ့သို့ ပညာရေးဝန်ထမ်းများအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက် (၃/ ၂၀၂၂)

**၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်၊ အင်္ဂါနေ့**

၁။ ယခုအချိန်သည် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးနေချိန် ဖြစ်ပါသည်။

၂။ သို့ရာတွင် နိုင်ငံတော်တည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်ဖျက်ဆီးလိုသော အဖွဲ့အစည်းများက စာသင်ကျောင်းများ၊ လူစည်ကားရာနေရာများတွင် ဗုံးခွဲတိုက်ခိုက်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ အပြစ်မဲ့ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများပါ ထိခိုက်ဒဏ်ရာရ သေကျေပျက်စီးရသည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိမြင်တွေ့နေရပါသည်။

၃။ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကကျသည့်အခြေခံအုတ်မြစ်ဖြစ်သဖြင့် လုံခြုံအေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အနှောင့်အယှက်အဟန့်အတားပြုလုပ်သည့်အပြင် အပြစ်မဲ့ပြည်သူများ၏ အသက်ခန္ဓာများဆုံးပါးပျက်စီးအောင်ပြုလုပ်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ပါကြောင်းနှင့် လုံးဝလက်မခံကန့်ကွက်ပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်**
**၂၀၂၂ ခုနှစ် မေလ(၃၁)ရက်**

၂၀၂၂ ခုနှစ် မေလ ၃၁ ရက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ မိုင်းဖောက်ခွဲမှုကြောင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ၃ ဦး မိုင်းစထိမှန် စိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ ၄ ဦးနှင့် အရပ်သားဝန်ထမ်း ၁ ဦးတို့ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး တစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

ယင်းအဖျက်လုပ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)အနေဖြင့် ပြင်းထန်စွာရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်**
**၂၀၂၂ ခုနှစ်၊ မေလ(၃၁)ရက်**

၂၀၂၂ ခုနှစ်၊ မေလ (၃၁) ရက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ မိုင်းဖောက်ခွဲမှုကြောင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး (၃) ဦး မိုင်းစထိမှန် စိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ၊ ဆရာမ (၄) ဦးနှင့် အရပ်သားဝန်ထမ်း (၁) ဦးတို့ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

၎င်းအဖျက်လုပ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် ပြင်းထန်စွာရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## နောင်ချိုမြို့ မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၃၁**

၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမအား NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ မိုင်းဖောက်ခွဲမှုကြောင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦး မိုင်းစထိမှန်စိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦးတို့ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ရသည်။

၎င်းအဖျက်လုပ်ရပ်နှင့်ပတ်သက်၍ ယနေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့က ပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၃၁**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# တာဝန်မှ ကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်တိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ ၂၄၈၂ ဦး ဆက်သွယ် သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇-၆-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ် စိစစ်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ် စိစစ်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန်၊ ဥပဒေအရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသည့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများ ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာ တက်ရောက်နိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးရန် ရည်မှန်းချက်များ ချမှတ်ထားကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၃ ခုနှစ် ပထမ ငါးနှစ်စီမံချက်ပါ ရည်မှန်းချက် (၆)ရပ်ကို စက်မှုကုန်ထုတ်ကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ၌ စီမံချက်ဦးစားပေး တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသက် ၁၄ နှစ်အောက် ကလေးအလုပ်သမားများနှင့် အသက် ၁၄ နှစ်မှ ၁၈ နှစ်အကြား ကလေးအလုပ်သမားများကို အုပ်စု နှစ်ခုခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃ ခုနှစ်) ပထမ ငါးနှစ်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး စီမံချက်တစ်ခုလုံး အောင်မြင်စေရေး အလွန်အရေးပါသည့် အစိတ်အပိုင်းဖြစ်၍ ရလဒ်ကောင်းများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အမျိုးသားရေးတာဝန်ကို ထမ်းရွက်နေခြင်းဟု ခံယူပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများ၊ INGO၊ NGOs များက စဉ်ဆက်မပြတ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင်များနှင့် တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ရမည့် အချက်များကို ရှင်းလင်းတင်ပြ အတည်ပြုချက် ရယူပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရှေ့လုပ်ငန်းစဉ်များအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းမတော်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၃၁**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုယနေ့ နံနက် ၈ နာရီက လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်နောင်ဖြူက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ခံ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နီလာမော်က ပညာရေးအခြေအနေ၊ ကျောင်းအပ်နှံရေးနှင့် ကျောင်းဖွင့်လှစ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည့် ဗလာစာအုပ်နှင့် လွယ်အိတ်၊ ထမင်းချိုင့်... 



**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အထက(၁) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊**
**မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြဝတီမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မြဝတီ မေ ၃၁**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်၈နာရီခွဲက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့ မျက်နှာစာတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းအပ်နှံရေးနေ့အခမ်းအနားဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို အဆိုပါကျောင်း ခန်းမဆောင်၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ကျောင်းပညာရေး စနစ်များနှင့် ကျောင်းအပ်နှံရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။



**ထောက်ပံ့ပေးအပ်**

ထို့နောက် မြဝတီမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောပိုးအိတ်များကို ကျောင်းအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

■

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၀၅,၃၉၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၃၆) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၀၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၁) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၂) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၀၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၃၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၀၂၃) ခု | - |
| **စုစုပေါင်း** | **(၇,၃၃၉) ခု** | **(၁၀) ဦး** |

အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၇၃၀၅၉၇ | ၈၂၁၅၁၈၃၁ | ၁၀၃၁၂၈၆ |
| ၂။ | အိန္ဒိယ | ၄၃၁၅၈၅၈၂ | ၄၂၆၁၅၅၇၄ | ၅၂၄၆၃၀ |
| ၃။ | ဘရာဇီး | ၃၀၉၇၇၆၆၁ | ၂၉၉၇၁၃၀၈ | ၆၆၆၅၆၈ |
| ၄။ | ပြင်သစ် | ၂၉၄၈၄၁၁၁ | ၂၈၈၇၂၉၇၃ | ၁၄၈၂၅၁ |
| ၅။ | ဂျာမနီ | ၂၆၃၁၀၂၉၄ | ၂၅၃၁၁၆၀၀ | ၁၃၉၀၆၉ |
| ၆။ | ဗြိတိန် | ၂၂၂၉၄၅၂၄ | ၂၁၉၂၃၅၈၀ | ၁၇၈၅၄၉ |
| ၇။ | ရုရှား | ၁၈၃၃၁၃၆၃ | ၁၇၇၃၉၃၅၆ | ၃၇၉၁၁၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၀၃၆၃၈ | ၁၇၇၀၂၉၁၉ | ၂၄၁၇၆ |
| ၉။ | အီတလီ | ၁၇၃၉၆၇၂၃ | ၁၆၅၃၁၂၃၁ | ၁၆၆၆၃၁ |
| ၁၀။ | တူရကီ | ၁၅၀၇၁၇၇၂ | ၁၄၉၇၀၃၁၀ | ၉၈၉၆၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၁၉၃၇၉ | ၉၄၆၂၂၉၈ | ၄၃၀၇၉ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၄၉၇၃ | ၅၈၉၅၄၂၃ | ၁၅၆၅၉၁ |
| ၃။ | မလေးရှား | ၄၅၀၅၀၅၉ | ၄၄၄၅၆၁၁ | ၃၅၆၆၉ |
| ၄။ | ထိုင်း | ၄၄၅၀၄၅၇ | ၄၃၈၀၅၇၇ | ၃၀၀၂၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၀၅၈၁ | ၃၆၂၇၇၁၁ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၉၈၃၀၉ | ၁၂၂၀၄၄၀ | ၁၃၈၆ |
| ၇။ | မြန်မာ | ၆၁၃၃၃၆ | ၅၉၂၃၀၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၉၈၉ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၄၈၆၇၄ | ၁၄၆၈၅၄ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၄ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မေ ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၃၁ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေသုံးစီးဖြင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၀၀၀ နှင့် နှာခေါင်းစည်းခြောက်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုး၌ ရှုခင်းကြည့် မော်တော်ဘုတ် တိမ်းမှောက်မှုဖြစ်စဉ်မှ ခရီးသည် ၁၂ ဦး ပျောက်ဆုံးနေဆဲ




**ဟော့ကိုင်းဒိုး မေ ၃၁**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုး၌ ရှုခင်းကြည့်မော်တော်ဘုတ် တိမ်းမှောက်မှုဖြစ်စဉ်မှ ခရီးသည် ၁၂ ဦးမှာ လက်ရှိအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ကာဇူဝမ်း အမည်ရှိ မော်တော်ဘုတ်မှာ ဧပြီ ၂၃ ရက်က ရှီရာတိုကိုပင်လယ်အော်တွင် တိမ်းမှောက်ခဲ့ရာ ခရီးသည် ၁၄ ဦး သေဆုံးကြောင်း မူလက အတည်ပြုထုတ်ပြန်ခဲ့သည်။

မေ ၂၉ ရက်မှ ၃၁ ရက်အတွင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဒေသခံ ငါးဖမ်းလုပ်သားများနှင့် ရေယာဉ် ၃၀ ခန့် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ မော်တော်ဘုတ်အား ဟော့ကိုင်းဒိုးရှိ အေဗာရှီရီဆိပ်ကမ်းတွင် ဆယ်ယူထားရှိပြီး တာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၃၈ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၃၃၈ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၁၅၈၀၈၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၆၃၀ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ စုစုပေါင်း ၁၇၈၈၃ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၁၃၄ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၆၁၅၅၇၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၉၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၃၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၉၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၁၀၃၆၃၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၃၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ကိုးဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၄၁၇၆ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ၆၄ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

## ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းပြည်နယ် ဂိုတီခရိုင်၌ ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်

**အစ္စလာမ္မာဘတ် မေ ၃၁**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းပြည်နယ် ဂိုတီခရိုင်၌ မေ ၃၁ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးအဝေးပြေးလမ်းပေါ်၌ အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်အတွင်း ငါးဦးသေဆုံးကာ ၁၃ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရသူ ခရီးသည် ၁၀ ဦးမှာလည်း စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

အဆိုပါ ဘတ်စ်ကားသည် နိုင်ငံအနောက်မြောက်ပိုင်းပက်ရှ်ဝါမှ တောင်ပိုင်းဆိပ်ကမ်းမြို့ ကရာချိသို့ ထွက်ခွာလာစဉ် တိမ်းမှောက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်း မော်တော်ယာဉ်များ ကြံ့ခိုင်မှုအားနည်းခြင်း၊ လမ်းများအဆင့်မမီခြင်း၊ လမ်းစည်းကမ်းများ မလိုက်နာခြင်းတို့ကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားလေ့ရှိသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်ပထမငါးလအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှု မြင့်တက်ခဲ့



**ဟန္နိုင်း မေ ၃၁**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမ ငါးလအတွင်း နိုင်ငံတကာ ခရီးသွား ၃၆၅၃၀၀ ဝင်ရောက်ခဲ့ပြီး ၎င်းအရေအတွက်သည် ပြီးခဲ့သည့်နှစ် အလားတူအချိန်ကထက် ၄ ဒသမ ၅ ဆခန့် များပြားကြောင်း ဗဟိုစာရင်းအင်းရုံးက မေ ၃၁ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်းသို့ လေကြောင်းခရီးဖြင့် လာရောက်သည့်ခရီးသည် အရေအတွက်သည် စုစုပေါင်း လာရောက်သူခရီးသည် အရေအတွက် ၏ ၈၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခုနှစ် ပထမငါးလအတွင်း အာရှနိုင်ငံများမှ ခရီးသည် ၂၃၀၉၈၈ ဦး ဗီယက်နမ်နိုင်ငံသို့ လာရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင်နိုင်ငံအတွင်းသို့ ဥရောပ၊ အမေရိကနှင့် သမုဒ္ဒရာဇုန်နိုင်ငံများမှခရီးသည်များ လာရောက်မှုလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။ နိုင်ငံ၏စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများမှာ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် နှောင့်နှေးမှုများဖြစ်ခဲ့ရသဖြင့် ယခုနှစ်မတ် ၁၅ ရက်မှစတင်၍ ဗီယက်နမ်နိုင်ငံ နယ်စပ်များကို နိုင်ငံတကာခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် နိုင်ငံအတွင်းသို့ နိုင်ငံတကာခရီးသွား ၁၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု ကျဆင်းခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ငါးသန်းကျော် ဝင်ရောက်လာစေရန် ရည်မှန်းချက် ထားရှိကြောင်း ဗီယက်နမ် အမျိုးသားခရီးသွားလုပ်ငန်းအုပ်ချုပ်မှု အဖွဲ့က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၈၄၃၆ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် မေ ၃၁**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၈၄၃၆ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ၁၈ ဦး ထပ်မံသေဆုံးခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၇၄၆ ဦးသည် နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့မှဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသူများအပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၃၈၉ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၅၇၃၀၈ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် ခရီးသွားအားလုံးနှင့် ပြည်ဝင်ခွင့်ဗီဇာကိုင်ဆောင်ထားသူများအားလုံးအတွက် နယ်စပ်ဒေသများကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# မိုင်းပျဉ်းမြို့၌ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၅၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ငွေကျပ် ၁ ဒသမ ၂၇၅ ဘီလီယံတန်ဖိုးရှိစိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၅၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် ည ၉ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက် နမ့်ပိန်းချောင်းအနီးတွင် လှိုင်မင်းထွန်း မောင်းနှင်ပြီး စိုင်းဆမ် လိုက်ပါလာသည့် ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၁ ဒသမ ၂၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၁၀ နာရီတွင် မိုင်းပျဉ်းမြို့၌ စိတ်ပြောင်းဆေးဝါး ကက်တမင်းများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းယီ၊ နန်းဟုန်၊ စိုင်းငို့နှင့် စိုင်းလင်းတို့ လေးဦးကို ဆိုင်ကယ်လေးစီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကျိုင်းတုံ မြို့ (၄) ရပ်ကွက်နေ စိုင်းလုံကျောက် (ခ) စိုင်းနွံကျောက်က သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို မိုင်းပျဉ်းမှကျိုင်းတုံသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ပြီး ၎င်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစာများ၊ စက်သုံးဆီများ၊ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မေ ၂၉ ရက်တွင် ပခုက္ကူမြို့နယ် ရေဝတီတံတား စစ်ဆေးရေးဂိတ်၌ တရားမဝင်သယ်ဆောင်လာသော စက်သုံးဆီ ဂါလန် ၂၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉၃၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃၀ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Double A တံဆိပ် A4 စက္ကူထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၇၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၃၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၉၇၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၃၀၃၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၇၊ ၂၉၊ ၃၀ နှင့် ၃၁ ရက်များတွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၉၀၅၃၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ရေတာရှည်မြို့နယ် ဆွာချောင်း၌ ကလေးငယ်သုံးဦး ရေနစ်သေဆုံး

**ရေတာရှည် မေ ၃၁**

ရေတာရှည် မြို့နယ် ဆွာမင်းလမ်း ကျေးရွာအုပ်စု တံတားကြီး ကျေးရွာအနီး ဆွာချောင်း၌ ယမန်နေ့ညနေ ၅ နာရီခွဲက ကလေးငယ်သုံးဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အေးသာယာ ကျေးရွာနေ ကိုဖိုးသကြဲန်သည် သားဖြစ်သူ မောင်သီဟထွန်း နှစ်နှစ်၊ တူမများဖြစ်သော မသဲစုလှိုင် ၁၁ နှစ်၊ မဆောင်းသီရိမွန် ရှစ်နှစ်တို့နှင့်အတူ နွားလှည်းဖြင့် ယမန်နေ့ ညနေပိုင်းက တံတားကြီးကျေးရွာသို့ စပါးမျိုးသယ်ယူရန်သွားခဲ့သည်။

၎င်းတို့သည် ရွာအနောက်မြောက်ဘက်ရှိ ရထားလမ်း တံတားအောက် ဆွာချောင်းတွင် နွားနှစ်ကောင်ကို ရေတိုက်စဉ် တံတားပေါ်မှရထားဖြတ်သွားခဲ့ရာ နွားနှစ်ကောင်မှာလန့်ပြီး ရေထဲသို့ ခုန်ဆင်းသွားခဲ့သဖြင့် ကြိုးကိုင်ထားသော ကလေးသုံးယောက်နှင့် ကိုဖိုးသကြဲန်ပါ ရေထဲသို့ကျသွားခဲ့သည်။ ကလေးသုံးယောက်မှာ ရေထဲမြုပ်သွားခဲ့ပြီး မတွေ့ရတော့သဖြင့် ကိုဖိုးသကြဲန်က တံတားကြီးရွာထဲကို အော်ဟစ်အကူအညီတောင်း လိုက်လံရှာဖွေခဲ့ရာ ညနေ ၆ နာရီခွဲခန့်တွင် မောင်သီဟထွန်း နှစ်နှစ်ကို ဆွာချောင်းအောက်ဘက် ရေနီးကျေးရွာအနီး ရေထဲမှ သေဆုံးလျက် တွေ့ရှိခဲ့သည်။ မသဲစုလှိုင် ၁၁ နှစ်ကို ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် တံတားကြီးရွာအောက်ဘက် ကညင်အိုင်ဘုန်းတော်ကြီးကျောင်း မြောက်ဘက် ဆွာချောင်းထဲမှ သေဆုံးလျက် တွေ့ရှိခဲ့ပြီး ကျန်သည့် မိန်းကလေး အလောင်းကို ဆက်လက်ရှာဖွေဆဲဖြစ်ကာ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းတွင် သေမှုသေခင်း အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ “၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ခြိမ်းခြောက်မှုများကြားက ပညာရှာကြမယ့် အနာဂတ်ရဲ့ မျိုးဆက်သစ်များ”ခေါင်းစဉ်ဖြင့် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် PDFအမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်”နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှေသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ရွှယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၃၀ | MRTV National News |
| ၁၂:၅၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၇:၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မေလ)(ပထမပိုင်း) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | (၁၈)ပြာမင်္ဂလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) ‘ဖြဟ္မစရိယဥ္’ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ ‘ဘတ်စကက်ဘောအက်ဒေး’ (အပိုင်း-၁၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၀ | (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ ‘ပြည့်စုံခြင်းအိပ်မက်’ (အပိုင်း-၆) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Zambudipar (Shwe Yee Win) |
| 07:09 | Myanmar Traditional Snacks: Mounhsi Gyaw |
| 07:14 | Myanmar Masterclass: Min Wae Aung |
| 07:27 | Discovering Tribes: Akha- Their Life and Customs (Part-1) |
| 07:44 | Myanmar Big Circular Tray |
| 08:01 | Myanmar Musical Orchestra |
| 08:05 | Underwater Photographer |
| 08:26 | A Visit to Yangon's Coastal Area |
| 08:43 | The Caves |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Samoa Pavilion at Expo 2020 Dubai |
| 09:35 | Chef Life: Ce'dric Davoine (French Chef) |
| 10:01 | Kabyar Wa Beach |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စာပေသင်ကြရအောင်(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရေနတ်ပူဇော်ခြင်း

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ကြာပန်းတို့ရှိရာသီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဇော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းရှမ်းစက္ကူ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့ တရုတ်စကားပင်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အမျိုးသားဥယျာဉ်ထဲက ချစ်စရာကယားရိုးရာ အိမ်ကလေး

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အုပ်ဆောင်းပြုလုပ်ပုံ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၁၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၃:၀၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၂၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မေလ)(အပိုင်း-၁) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ’ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | စိုက်ပါပျိုးပါဝင်ငွေတိုးတာစပ်မျိုးနှကြော |
| ၀၆:၄၅ | တိုက်ကြီးဒေသဆင်းသုခအလှ |
| ၀၇:၅၀ | အပင်များအတွက် ‘ရွှေဇီဝ’ |
| ၀၈:၂၅ | ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ |
| ၀၉:၀၀ | တောင်သူတဝမြှင့်တင်ပို့သိပ္ပံနည်းကျစိုက်ကြစို့ |
| ၀၉:၄၅ | နည်းပညာများဖြန့်ဝေစိုက်/သုမြေ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာအစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ် ဆရာမကြီးတစ်ဦး သေဆုံးပြီး ကျောင်းအုပ်၊ ဆရာ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိ



**နေပြည်တော် မေ ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပညာသင်ကြားရာတွင်လည်း ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာသင်ယူခွင့်ရရှိစေရေး မေ ၂၅ ရက်မှ စတင်၍ ကျောင်းအပ်နှံမှုများကို စတင်လက်ခံဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအတန်းများအလိုက် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေး ကိရိယာများကို နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်း စသည်ဖြင့် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြု ပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**ဖောက်ခွဲဖျက်ဆီး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသင်းဦးစီး၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များ၊ ဆရာ ဆရာမများဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်သင်ကြားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီခန့်ထိ ပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးပြုလုပ်ပြီးနောက် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ ပညာရေးဝန်ထမ်းများအတွက် လစာထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာပက်စက်စွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦးတွင် ခါးအောက်ပိုင်း မိုင်းစထိမှန်စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ပြီး လက်ထောက်မြို့နယ် ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦးတို့ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး အခြေခံပညာ မူလတန်းလွန်ကျောင်း (မျက်ချင်းနုကျေးရွာ) ကျောင်းအုပ်ဆရာမကြီးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၈၇ ကျောင်းရှိပြီး ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျောင်းသား၊ ဆရာ၊ မိဘများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပေါ် နောင်ချိုမြို့ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းစွာ အဖျက်အမှောင့်လုပ်ငန်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုသို့ပြုလုပ်ရာတွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။

တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကလည်း ၎င်းကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် တစ်ခဲနက်ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ ရင်သွေးငယ်များလုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**









# ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅)လမ်း ကားမှတ်တိုင်တွင် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၊ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရ


နေပြည်တော် မေ ၃၁

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်ညံ့သောစိတ်ဓာတ်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ခြင်း၊ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများ ဆောင်ရွက်ခြင်း၊ ၎င်းတို့ကိုယ်တိုင်ကျူးလွန်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများ၊ ကားဂိတ်များနှင့် မှတ်တိုင်များတွင်ပါ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့်ထောင်ကာ ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅)လမ်း ကားမှတ်တိုင်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့၍ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ က ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅) လမ်း ကားမှတ်တိုင်တွင် အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ကားမှတ်တိုင်အနီးတွင်ရှိနေသည့် ရဲထက်နိုင်(၃၂)နှစ် (ဘ) ဦးဇော်မင်းဦး၊ နန္ဒမျိုးအောင်(၂၅)နှစ် (ဘ)ဦးဇော်မျိုး၊ ဦးစောမင်းရွှေ(၅၉)နှစ် (ဘ)ဦးရွှေထွန်း၊ ခန့်ဝေပိုင်(၁၉)နှစ် (ဘ)ဦးလှဝင်း၊ မိုးဇော်ဦး (၄၅)နှစ် (ဘ)ဦးခင်ဇော်ထွန်း၊ မြင့်သန်းစိုး(၂၃)နှစ် (ဘ) ဦးမြင့်သန်း၊ ကိုစိုင်းအောင်(၃၀)နှစ် (ဘ)ဦးစောလွင်၊ အောင်ကြီး(၃၀)နှစ် (ဘ)ဦးမင်းလွင်၊ အောင်နိုင်(၄၇)နှစ် (ဘ)ဦးငုံတို့ ကိုးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကာ (၃၀)နှစ်ခန့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)တွင် ရင်ဘတ်ပေါက်ပြဲဒဏ်ရာ၊ ဝမ်းဗိုက်ပေါက်ပြဲဒဏ်ရာများ ရရှိသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုခံယူနိုင်ရေး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်တွင် အများပြည်သူသွားလာနေသော ကားမှတ်တိုင်တွင် ဗုံးထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်လျက်ကြောင်း သိရသည်။

သတင်းစဉ်












ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅)လမ်းကားမှတ်တိုင်တွင် အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့၍ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၆၅ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၅၈၅ |
| 95 Ron | ၂၃၃၀ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၃၇၅ | ၂၄၀၀ | ၂၃၈၅ | ၂၃၆၅ | ၂၄၆၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၁၅ | ၂၆၃၅ | ၂၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၅ | ၂၅၉၅ | ၂၅၉၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၃၅ | ၂၅၃၅ | ၂၇၅၅ | ၂၇၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၈၅ | ၂၇၇၀ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၈၅ | ၂၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၇ | ၂၂၁၃ |
| 95 Ron | ၂၂၂၄ | ၂၃၀၂ |
| HSD (500 ppm) | ၂၃၄၀ | ၂၄၁၆ |
| HSD (50 ppm) | ၂၃၆၇ | ၂၄၄၄ |
| HSD (10 ppm) | ၂၃၆၇ | ၂၄၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ် ဟားခါးမြို့နယ် မြို့ဟောင်းရပ်ကွက်နေ အေးအေးမော်(ခ) ဆွေဘုန်းသည် ၎င်းအသုံးပြုသည့် “Bawi Sung” Facebook အကောင့် မြို့ဟောင်းရပ်ကွက် အိုးအိမ်ဝန်ထမ်းအိမ်ရာနေ ဝုန်ဟွဲသည် ၎င်းအသုံးပြုသည့် “Nu Kheh” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သက္ကံချိုင်းကျေးရွာနေသူများဖြစ်သည့် မိုးမင်းအောင်၊ စုစန္ဒီကျော်နှင့် နှင်းလဲ့ရည်ကျော်တို့သည် ၎င်းတို့အသုံးပြုသည့် “Moe Min Aung” Facebook အကောင့်၊ “Su Sandi Kyaw” Facebook အကောင့်နှင့် “Hnin Lae Ye Kyaw” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၇)ရပ်ကွက်ခွဲနေ အောင်သီတာဝင်းသည် ၎င်းအသုံးပြုသည့် “Thi Dar Win” Facebook အကောင့်နှင့် မော်ဘီမြို့ အောက်ချိုင်းကျေးရွာနေ ကျော်လင်းသည် ၎င်းအသုံးပြုသည့် “Kyaw Lin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြော

**ရန်ကုန် မေ ၃၁**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)က ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဆွေးနွေးဟောပြောပွဲကို မေ ၃၁ ရက် မွန်းလွဲ ၃ နာရီက အဆိုပါ ခရိုင် ပြန်/ ဆက်ရုံးရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (အင်းစိန်မြို့နယ်) ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့်အတွင်းရေးမှူး တရားလွှတ်တော်ရှေ့နေ ဦးကြည်စိုး (ရွှေညောင်တုန်း-ကြည်စိုး)တို့က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါး သမိုင်းကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံနှင့် ပြည်သူတစ်ရပ်လုံးက မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စုပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သုံးစွဲမှုများနှင့်ပတ်သက်၍ နိုင်ငံတော်က ချမှတ်ထားသော ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ကျောင်းသားလူငယ်များနှင့် ပြည်သူများ ဗဟုသုတရဖွယ် ဟောပြောဆွေးနွေးဖြေကြားသွားကြသည်။

**ဉာဏ်ဟိန်း**

# ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ



လားရှိုး မေ ၃၁

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပြိုင်ပွဲတွင် ဟိုပုံးမြို့နယ်အသင်းနှင့် သိန္နီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟိုပုံးမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။ အမျိုးသားပြိုင်ပွဲတွင် တောင်ကြီးမြို့နယ်အသင်းနှင့် လားရှိုးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လားရှိုးမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲကြောင်းနှင့် ပြိုင်ပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီး ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော တောင်ကြီးအသင်း၊ ဒုတိယဆုရရှိသော သိန္နီအသင်း၊ ပထမဆုရရှိသော ဟိုပုံးအသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးမြင့်ရွှေကလည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော နမ့်စန်(တောင်)အသင်း၊ ဒုတိယဆုရရှိသော ပင်လောင်းအသင်း၊ ပထမဆုရရှိသော ကျိုင်းတုံအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးကလည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော လွိုင်လင်အသင်း၊ ဒုတိယဆုရရှိသော ပင်လောင်းအသင်း၊ ပထမဆုရရှိသော ဟိုပုံးအသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးကလည်းကောင်း၊ အမျိုးသား သုံးတွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ရွာငံအသင်း၊ ဒုတိယဆုရရှိသော တောင်ကြီးအသင်း၊ ပထမဆုရရှိသော လားရှိုးအသင်းတို့အား ဆုတံဆိပ်ငွေသားနှင့် ဆုဖလား၊ တံခွန်စိုက်ဆုရရှိသော ပင်လောင်းအသင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းကလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကုန်အမှတ်တံဆိပ် ၁၈၈ ခုနှင့် ကုန်စည် ၅၅၄ မျိုးတို့အား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန် စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် မေ ၃၁

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မေ ၁၈ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များက တင်ပြလာသည့် ကုန်အမှတ်တံဆိပ် ၁၈၈ ခုနှင့် ကုန်စည် ၅၅၄ မျိုးတို့အား စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ကိုက်ညီမှုနှင့် မြန်မာဘာသာဖြင့် ဖော်ပြရမည့်အချက်များ ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ခဲ့ပြီး ပြည့်စုံမှုရှိသဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန် လုပ်ငန်းရှင်များအား ပြန်လည်အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

လုပ်ငန်းရှင်များက တင်ပြလာသည့် ကုန်အမှတ်တံဆိပ်များနှင့် ကုန်စည်များမှာ အချိုရည်နှင့် ယိုမျိုးစုံကုန်အမှတ်တံဆိပ်လေးခု၊ ကုန်စည်ကိုးမျိုး၊ အရန်သင့်အစားအစာ ကုန်အမှတ်တံဆိပ် ၃၀၊ ကုန်စည် ၆၆ မျိုး၊ အသင့်စားမုန့်မျိုးစုံ ကုန်အမှတ်တံဆိပ် ၃၇ ခု၊ ကုန်စည် ၁၀၉ မျိုး၊ နို့နှင့် နို့ထွက်ပစ္စည်း ကုန်အမှတ်တံဆိပ် နှစ်ခု၊ ကုန်စည် ၁၂ မျိုး၊ စားသုံးဆီကုန်အမှတ်တံဆိပ် ၂၆ ခု၊ ကုန်စည်အမျိုး ၂၁၀၊ သောက်ရေသန့်ကုန်အမှတ်တံဆိပ် ၈၀၊ ကုန်စည် ၁၁၆ မျိုး၊ ယမကာ ကုန်အမှတ်တံဆိပ် နှစ်ခု၊ ကုန်စည် ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်း ကုန်အမှတ်တံဆိပ် နှစ်ခု၊ ကုန်စည်ကိုးမျိုး၊ တိုင်းရင်းဆေးကုန်အမှတ်တံဆိပ် တစ်ခု၊ ကုန်စည်နှစ်မျိုး၊ ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းကုန်အမှတ်တံဆိပ် သုံးခု၊ ကုန်စည် ၁၀ မျိုး၊ အလှကုန်ပစ္စည်းကုန်အမှတ်တံဆိပ် တစ်ခု၊ ကုန်စည် တစ်မျိုးဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြလာစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေအရ ကိုက်ညီမှုရှိစေရေး၊ စားသုံးသူများဘေးကင်းစေရေး၊ မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်မှ ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ်(၂/၂၀၁၉) အရ မြန်မာဘာသာဖြင့် ဖော်ပြရမည့်အချက်များ ပြည့်စုံစွာထည့်သွင်းဖော်ပြလာရေးတို့အတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များ၏ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များအား စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြပေးခြင်း၊ စားသုံးသူပြည်သူများအား ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များ ပြည့်စုံစွာ ထည့်သွင်းဖော်ပြထားခြင်းအားဖြင့် စားသုံးသူများသည် စိတ်ကြိုက်ရွေးချယ် ဝယ်ယူသုံးစွဲလာနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ စားသုံးသူများသည် စိတ်ကြိုက် ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲလာနိုင်သဖြင့် ဈေးကွက်အတွင်း ရောင်းအားမြင့်တက်လာမည်ဖြစ်ကာ လုပ်ငန်းရှင်များအတွက် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စားသုံးသူနှင့် လုပ်ငန်းရှင်နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု(Win-Win) အခြေအနေဖြစ်ပေါ် လာစေရန် စားသုံးသူရေးရာဦးစီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိသည်။ **ရှိန်း**



# ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကာယစွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ကျောင်းသား လူငယ်လူရွယ်လေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွာငံမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရွာငံ မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၏ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီခွဲက အထက(ရွာငံ) ပြဒါးလင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အထက(ရွာငံ)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ရွာငံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ထက်၊ လယ်၊ မူ ကျောင်းများသို့ ပေးအပ်သော သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့်ဗလာစာအုပ်များ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြပြီး ပြည်မြန်မာ သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ရွာငံမြို့နယ်တွင် ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း ၁၁၈ ကျောင်းရှိရာ မေ ၃၀ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၀၉၁၆ ဦးအပ်နှံထားရှိပြီးဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်

သနပ်ပင် မေ ၃၁

သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျေးရွာများအရောက် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အသိပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခြင်းတို့အား ယနေ့နံနက်ပိုင်းက ကမာဖရုံကျေးရွာ၌ ပြုလုပ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်အချက်အလက်များကို ပညာပေးဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးမှုအပေါ် ပြန်လည်ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် သရက်ပင်ကိုင်းကူး/ကိုင်းဆက်ခြင်းအား လက်တွေ့ပြသပြီး တောင်သူကိုယ်တိုင် ပြန်လည်လုပ်ဆောင်စေခြင်းနှင့် ဒေသတွင်းကြက်တိုးချဲ့မွေးမြူနိုင်ရေးအတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်း နည်းပညာပေးခြင်းတို့အား လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဒါပေမဲ့ သူ့ရဲ့ နှာရောင်မှာဆက်နေတဲ့ မျက်ခုံးမွေးကို ကိုယ်မကြိုက်ဘူး"

သည်တွင် နန်းကိန္နရီ တိတ်တခိုး သက်ပြင်းရှိုက်မိသည်။ လီလီက ခပ်မဲ့မဲ့ မျက်နှာထားဖြင့် စကားဆက်သည်။ ဝမ်းနည်းကြေကွဲဟန်ကို တမင်လုပ်ထားသည်။

"အဲဒီမျက်ခုံးကြောင့် သူ့ကိုကိုယ် မရနိုင်တော့ဘူးဆိုတာ ထင်ရှားသွားပြီ။ ဘာကြောင့်လဲဆိုတော့ ဒီမျက်ခုံးမျိုးရှိတဲ့ လူဟာ သူစိမ်းတစ်ရံဆံနဲ့ မညားတတ်ဘူးတဲ့။ အိမ်နီးနားချင်း သို့မဟုတ် ဆွေရိပ်မျိုးရိပ် မကင်းကြတဲ့လူတွေနဲ့သာ ညားတတ်သတဲ့။ အထူးသဖြင့် မောင်နှမဝမ်းကွဲဆိုတာနဲ့ ညားတတ်တယ်တဲ့ သိလား"

သည်တော့မှပင် လီလီက မိမိအား စောင်းမြောင်းပြောနေခြင်းဖြစ်ကြောင်း နန်းကိန္နရီ သဘောပေါက်လာသည်။ သိလာသည်။ သို့နှင့်အမျှ လီလီ၏ကျောပြင်ကို ရှက်စနိုးစွာ ထုမိရိုက်မိသည်။

"လီလီက မကောင်းဘူးကွယ်။ မောင်နှမချင်း သမုတ်တယ်။ အတော်ကြာ ငရဲကြီးနေလိမ့်မယ်"

နန်းကိန္နရီမှာ ယခုမှ ရယ်နိုင်မောနိုင် လာသည်။

"အမယ်လေး၊ တော်စမ်းပါ။ ငရဲကြီးရုံ မကလို့ ငရဲကြီးရှစ်ထပ် ဘယ်အထပ် အရင်သွားရမလဲ ဆိုတာမျိုးလည်း ဖြစ်နေပါဦးမယ် နန်းကိန္နရီရယ်"

နန်းကိန္နရီသည် လီလီနှင့် ဖက်ပြိုင် မပြောနိုင်။

မည်သို့ဆိုစေ လီလီ၏စကားကို ရင်ထဲမှ နှစ်ခြိုက်သလို ခံစားရသည်။ ကျေနပ်ဝမ်းသာသလို ရှိခဲ့မိသည်။

သည်စဉ်ကစ၍ မျိုးထွန်းသိန်းနှင့် ပတ်သက်ကာ နန်းကိန္နရီ၏ရင်၌ လှုပ်ရှားမှု သည်းထန်ခဲ့သည်။ ရင်၌ နွေးထွေးသော အာရုံကို ခံစားလာခဲ့ရသည်။

လီလီပြောသလိုများ ဖြစ်နေလေပြီလား မစဉ်းစားတတ်ပါချေ။ အိပ်ရာဝင်ပြီဆိုလျှင် စိတ်အတွေးသို့ သူရောက်လာတတ်မြဲ။ အိပ်ပျော်ပြန်ပြီဆိုတော့လည်း အိပ်မက်ကို သူကကြီးစိုးထားတတ်မြဲပင်။

မျိုးထွန်းသိန်းအပေါ် နန်းကိန္နရီ မကျေမနပ် ဖြစ်နေမိသည်မှာ ယခုတလော သူနှင့်အတွေ့နည်းသောကြောင့် ဖြစ်သည်။ စကားအေးအေးဆေးဆေး ပြောခွင့်မရခြင်းနှင့်စပ်လျဉ်းသည်။

တနင်္ဂနွေနေ့တစ်နေ့တွင် နန်းကိန္နရီ သူတို့လက်တွေ့ဆင်းရာ စာသင်ခန်းသို့ လိုက်သွားသည်။ သူ့ကို သွားရောက်တွေ့ဆုံမိသည်။ တစ်ခါကပြောသလို ဘူးတွေ၊ ခွက်တွေ၊ ဖန်ပြွန် ဖန်ချောင်းတွေနှင့် အလုပ်ရှုပ်နေသောသူ့ကို တွေ့ရသည်။ သူက ထုံးစံအတိုင်း ရယ်မောရွှင်ပျစွာ နှုတ်ဆက်စကားဆိုပေမဲ့ နန်းကိန္နရီ အလိုလိုနေရင်း သူ့ကို စိတ်ဆိုးမိခဲ့သည်။ စကားများစွာမဆိုဘဲ ပြန်ခဲ့မိသည်။

ထိုနေ့က ကားယူမလာ။ အိမ်သို့ ခြေကျင်ပြန်ချင်သည်။ သူ့ကို လိုက်ပို့စေချင်သည်။ သို့ပေမဲ့ သူသည် မသိကျိုးကျွန်နိုင်လှသည်။ ကားပါမလာကြောင်း ပြောပေမဲ့ လိုက်ပို့ဖို့ စကားမစပ်။

သို့ဖြင့် နန်းကိန္နရီသည် သူ့အပေါ် တစ်ယောက်တည်း စိတ်ကောက်နေမိသည်။ တစ်ယောက်တည်း ဒေါမနဿ ဖြစ်နေမိသည်။ လမ်းမှာတွေ့လျှင်ပင် နှုတ်မဆက်တမ်းဟု စိတ်ပိုင်းဖြတ်လိုက်မိသည်။

တစ်နေ့ လမ်းမှာတွေ့ရတော့ တကယ်ပဲ နှုတ်မဆက်ဖြစ်။ မြင်လျက်နှင့် မမြင်ယောင်ပြုသည်။ တွေ့လျက်နှင့် မတွေ့ယောင်ပြုသည်။ သူ့အပြုံးကိုလည်း တုံ့မပြန်။ မျက်နှာရှိ အကြောစိုင်မှန်သမျှကို တင်းထားလိုက်သည်။ နှုတ်ခမ်းလွှာမုံကို ကြာအငုံလို စူထားလိုက်သည်။

နန်းကိန္နရီ၏အပြုအမူကြောင့် မျိုးထွန်းသိန်း အံ့အားသင့်သွားသည်။ ဆန်းကြယ်သလို ဖြစ်သွားသည်။

ထိုနေ့မှပင် နန်းကိန္နရီသည် သူ့ထံမှ စာတိုကလေးတစ်စောင်ကို လီလီမှ တစ်ဆင့် ရရှိသည်။

ရီ

တွေ့ချင်တယ်။

မျိုး

စာက သည်မျှသာဖြစ်သည်။ သို့ပေမဲ့ ယင်းစာသည် နန်းကိန္နရီ၏ ရင်ကို များစွာ တုန်လှုပ်စေသည်။ များစွာ ချောက်ချားစေသည်။ မျိုးထွန်းသိန်းထံမှ စာကို ပထမဆုံးအကြိမ် လက်ခံရရှိခြင်း ဖြစ်သည်။ သူ၏လက်ရေးကို ပထမဆုံး အကြိမ် မြင်ဖူးရခြင်းဖြစ်သည်။ သူ၏ သပ်ရပ်သော လက်ရေးကို နှစ်သက်မိသည်။ စာတိုကလေးကိုပင် ဆယ်ကြိမ်ထက်မနည်း အပြန်ပြန်အလှန်လှန် ဖတ်မိသည်။

"ဟေး ယူ ငရဲကြီးရှစ်ထပ်အနက်က ဘယ်အထပ်ကို အရင်သွားရမလဲလို့ စဉ်းစားနေတယ် မဟုတ်လား"

လီလီက နောက်ခဲ့သေးသည်။

စာကို အပြန်ပြန်အလှန်လှန် ဖတ်နေသော နန်းကိန္နရီအား "ဒါလောက်ကလေးများ အလွတ်မရသေးဘူးလား" မေးခဲ့သေးသည်။

အစသော် နန်းကိန္နရီက သူ့အား ညှဉ်းထားလိုက်ဦးမည် စဉ်းစားသည်။ မတွေ့ဘဲနေလိုက်ဦးမည် တွေးသည်။ သို့ပေမဲ့ အချိန်ကျလာတော့လည်း မတွေ့ဘဲ မနေနိုင်။ စိတ်ကို တင်းထား၍ မရ။ သူနှင့်ပတ်သက်လာလျှင် ပျော့ညံ့သော စိတ်ဓာတ် အလိုလိုဝင်လာသည်ပင်။

သို့ဖြင့် ကျောင်းဆင်းသောအခါ သူ့အလာကို စောင့်မိသည်။ အလာကို မျှော်မိသည်။ သူ့ကိုမြင်ရပြန်တော့လည်း ရင်မှာ ဝမ်းသာပျော်ရွှင်ရခြင်း အပြည့်အဝနှင့်ပါကလား။

x x x x x

[၃]

တစ်မိုးတွင်းလုံးရွာချခဲ့သော မိုးရေကို သိုမှီးထားသည့် အင်းလျားကန်ဝယ် ရေပြည့်မောက်နေသည်။ စိမ်းမြမြ မြက်ခင်းအနားသတ်အထိ ရေဖွေးနေသည်။

လှိုင်းကြက်ခွပ်ကလေးများသည် တေးဆိုညည်းရင်း ဟိုအဝေးမှသည် ကမ်းစပ်အထိ တလိမ့်လိမ့်တလူးလူး ပြေးလာတတ်သည်။ ကန်၏ဝန်းကျင်မှ သစ်ပင်တို့ စိမ်းညို့သော အဆင်းအရောင်ကိုဆောင်ထားသည်။ ယင်းအရောင်သည် ရေပြင်တွင် အရိပ်ထင်ကာ ကြည့်မြင်ရလေသမျှ စိမ်းမြနေသည်ထင်ရ၏။

ဆည်းဆာသည် မကြာသေးမီကမှ ပျောက်ကွယ်ခဲ့သည်။ လမ်းမီးတို့လင်းလက်စပင်ရှိသေးသည်။ ဆည်းဆာရောင်ကြွင်းကြောင့် ပတ်ဝန်းကျင်မှာ မမှောင်တတ်သေး။ လင်းလင်းထင်းထင်းရှိလှသည်လည်း မဟုတ်။ ညီအစ်ကို မသိတသိ ဆိုသည့် အချိန်မျိုး။

ကျောင်းအဆင်း၌ မျိုးထွန်းသိန်းက သည်အချိန် သည်နေရာမှာတွေ့ရအောင် ချိန်းသည်။ ချိန်းသည်ကို အစက နန်းကိန္နရီ သဘောမပေါက်မိ။ နောက်တော့လည်း သည်အချိန်မှာ နှစ်ယောက်စလုံးအတွက် အန္တရာယ်အကင်းဆုံးအချိန်၊ အသိအကျွမ်းနှင့် မတွေ့နိုင်သောအချိန်ဖြစ်ကြောင်း သဘောပေါက်လာသည်။

နန်းကိန္နရီသည် အင်းလျားသို့ မျိုးထွန်းသိန်းထက် စော၍ရောက်သည်။

အိမ်မှညာ၍ထွက်ခဲ့ရသည်။ ကျောင်းသူတစ်ယောက်ထံ စာကူးသွားမည်ဟု။ ကားကို ကိုယ်တိုင်မောင်းလာသည်။ သရက်ပင်အောက်တွင် ကားရပ်ထားသည်။ သစ်မြစ်ဆုံမှာထိုင်ကာ သူ့အလာကို စောင့်သည်။

စောစောပိုင်းက ရေထဲတွင် ကူးခပ်ကစားနေသော လူငယ်တစ်သိုက်ရှိသည်။ သူတို့ ပြန်သွားသောအခါ နန်းကိန္နရီ အထီးတည်း ကျန်ရစ်သည်။

မျိုးထွန်းသိန်း ရောက်လာသည်ကို ခြေသံအရ သိရသည်။ နန်းကိန္နရီ နောက်သို့ လှည့်မကြည့်မိ။ အဝေးကိုသာ ငေးနေသည်။

မျိုးထွန်းသိန်းသည် နန်းကိန္နရီနှင့် မနီးမဝေး ဝင်ထိုင်သည်။

စကားမဆိုမိကြ။ သူတို့အပါး၌ တိတ်ဆိတ်ခြင်းသာ လွှမ်းနေသည်။ လှိုင်းကြက်ခွပ်သံနှင့် သစ်ရွက်အကြားသို့ လေတိုးသံများသည်သာ ကျယ်လောင်သော အသံဖြစ်နေသည်။

နန်းကိန္နရီသည် မျိုးထွန်းသိန်းက စကားစလာလိမ့်မည် အထင်နှင့် စောင့်နေမိခြင်းဖြစ်သည်။ စင်စစ်တွင်လည်း စကားစချင်းစလျှင် သူကသာ စရလိမ့်မည်ဟု တွေးသည်။

သို့တိုင်အောင် သူက စကားစမလာသောအခါ နန်းကိန္နရီ အားမလိုအားမရ ဖြစ်လာသည်။ သူ့ဘက်ကို သမင်လည်ပြန် ကြည့်မိသည်။ သူကလည်း မိမိဘက်သို့သာ ကြည့်နေသည်ဖြစ်ရာ အကြည့်ချင်း ဆုံမိကြသည်။

မျိုးထွန်းသိန်း၏ မျက်နှာကို ကွဲကွဲပြားပြား မြင်ရလှသည်တော့မဟုတ်။ သို့ရာတွင် သူ၏မျက်ဝန်းမှ တောက်ပသော အလင်းရောင်ကိုမူ မြင်တွေ့ရသည်။ လေတိုးသောကြောင့် သူ့ဆံပင်သည် ဖွာရရာ လွင့်နေသည်။

"အရီ ပြန်တော့မယ်"

ဘာရယ်မဟုတ်ဘဲနှင့် သည်စကားကို နန်းကိန္နရီ ပြောဖြစ်သည်။

သည်တော့မှပင် မျိုးထွန်းသိန်းထံမှ အသံထွက်လာသည်။

"ပြန်တော့မယ်ဟုတ်လား" မယုံကြည်နိုင်သလို မေးခဲ့ခြင်းဖြစ်သည်။

"ဘာစကားမှလည်း မပြောရသေးဘဲနဲ့"

"အဲဒါကြောင့်ပြန်တော့မယ်လို့ပြောတာ။ သူကဖြင့် ဘာစကားမှ မပြောဘဲနဲ့"

မျိုးထွန်းသိန်းရယ်လိုက်သည်။

"ပြောမှာပေါ့။ မပြောနိုင်သေးလို့ မပြောတာ။ မနန်းကိန္နရီကို ဒီလိုအချိန်၊ ဒီလိုနေရာမှာမြင်ရတော့ ကျွန်တော့်မှာ သတိရလာတဲ့ ကဗျာတစ်ပိုဒ်ရှိတယ်။ ရှင်တေဇောသာရရဲ့ ကဗျာပေါ့။ သိင်္ဂီရောင်ရွှန်း၊ ရွှေပုံသွန်းက၊ လန်းလန်းလက်လက်၊ လိုက်ဖက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွှာ ထုံးနောက်စနှင့်၊ ချုပ်ညရီတွင်၊ ဖြတ်ခြည်းမြင်သည်၊ ရှင်သာရခိုင်တန်ဆောင်လော ဆိုတဲ့ ကဗျာပေါ့။ မနန်းကိန္နရီဟာ ရှင်တေဇောသာရရဲ့ ရခိုင်တန်ဆောင်များ ဖြစ်နေမလား ထပ်ပြီးစဉ်းစားနေတာနဲ့ စကားမပြောဖြစ်တာပါ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"တစ်မိုးတွင်းလုံး ရွာချခဲ့သောမိုးရေကို သိုမှီးထားသည့် အင်းလျားကန်ဝယ် ရေပြည့်မောက်နေသည်။ စိမ်းမြမြ မြက်ခင်းအနားသတ်အထိ ရေဖွေးနေသည်။ လှိုင်းကြက်ခွပ်ကလေးများသည် တေးဆိုညည်းရင်း ဟိုအဝေးမှသည် ကမ်းစပ်အထိ တလိမ့်လိမ့်တလူးလူး ပြေးလာတတ်သည်။ ကန်၏ဝန်းကျင်မှ သစ်ပင်တို့ စိမ်းညို့သော အဆင်းအရောင်ကို ဆောင်ထားသည်။ ယင်းအရောင်သည် ရေပြင်တွင် အရိပ်ထင်ကာ ကြည့်မြင်ရလေသမျှ စိမ်းမြနေသည်ထင်ရ၏။ ဆည်းဆာသည် မကြာသေးမီကမှ ပျောက်ကွယ်ခဲ့သည်။ လမ်းမီးတို့ လင်းလက်စပင်ရှိသေးသည်။ ဆည်းဆာရောင်ကြွင်းကြောင့် ပတ်ဝန်းကျင်မှာ မမှောင်..."**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၁)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-(၂၁/ဃ)၊ ဧရိယာ(၀.၂၃၀)ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၃၃)၊ သီရိမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-(၅၆၄/၂၀၀၅)အရ ဒေါက်တာဒေါ်ဝင်းမာထွန်း[၁၂/လမန(နိုင်)၁၀၇၇၆၇]အမည်ဖြင့် အမည်ပေါက်လျက်ရှိသော မြေပိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈) ရပ်ကွက်၊ သမိန်ဗရမ်းလမ်းသွယ် (၁)လမ်း၊ အမှတ် (၆၉၆/ခ) ဟု ခေါ်တွင်သော ဧရိယာ ပေ(၂၀x၆၀)ရှိ ဦးဝင်းကျော်ကျော် အမည်ပေါက် မြေချပါမစ်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးတင်အုန်း [၁၂/လမန(နိုင်)၀၀၇၈၂၉] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြသန်း [၁၂/မရက(နိုင်)၀၆၄၃၅၉]ကိုင်ဆောင်သူမှ စရန်ငွေ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းအောင် (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၅၁)**
**အမှတ်(၁၈၉)၊ ကော့သောင်းလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၈၂၃၆၀**

## အရွယ်မရောက်သေးသူပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခွင့်ပြုပါရန် လျှောက်ထားကြောင်း အကြောင်းကြားစာ (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၂၉) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

### ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉၇

**ဒေါ်ဝင်းဝင်းသိန်း ------------ လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/ဘီ)၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၉၉)တွင်နေထိုင်သူ ဒေါ်ဝင်းဝင်းသိန်းက အရွယ်မရောက်သေးသူ မဝါဆိုမိုးဦး၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းပိုင်သောပစ္စည်းအကြောင်းတွင် အထက်ပါနေရပ် လိပ်စာနေ လျှောက်ထားသူ ဒေါ်ဝင်းဝင်းသိန်းက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မဝါဆိုမိုးဦး၏ ကိုယ်နှင့်ပစ္စည်းအပေါ် အုပ်ထိန်းသူအဖြစ် ခန့်ထားပေးပါရန် လျှောက်ထားခဲ့ရာ ဤရုံးမှ လျှောက်ထားသူ ဒေါ်ဝင်းဝင်းသိန်းအား အုပ်ထိန်းသူအဖြစ် ခန့်အပ်ကြောင်း (၁၃-၅-၂၀၂၂)ရက်တွင် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

အုပ်ထိန်းသူအဖြစ် ခန့်ထားခြင်းခံရသူ ဒေါ်ဝင်းဝင်းသိန်းမှ အရွယ်မရောက်သေးသူ မဝါဆိုမိုးဦးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပုလဲရတနာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၅၂၁)၊ ဧရိယာ(၀.၀၅၅)ဧက၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခွင့်ပြုပါရန် လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။

ထိုလျှောက်ထားချက်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ (၇)ရက်၊ (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်) နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ (သို့တည်းမဟုတ်) မိမိကနည်းလမ်းတကျလွှဲအပ်ထားသည့် ရုံးအခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ လာရောက်ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၂ ခုနှစ်၊ မေလ (၃၁)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## “အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဘဖေလမ်း၊ အမှတ်-၅၂ တွင်နေထိုင်သော ဒေါ်နော်ကြေးမုံလင်း [၁၂/အစန(နိုင်)၁၈၂၃၆၀] သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

Mirror

**စာချုပ်အမှတ်-၃၅၁၉/၂၀၂၂ (နေ့စွဲ-၁၈-၅-၂၀၂၂)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ဆံပင်ကျွတ်ခြင်း၊ ဆံသားမကောင်းခြင်းများအတွက် အထူးစီမံဖော်စပ်ထားသော ဆံသားအားဖြည့်ပေးသည့် Hair Mask၊ ဆံပင်ပေါင်းဆေးစသည့် ဆံသားကျန်းမာရေးနှင့်ပတ်သက်သော အလှကုန်ပစ္စည်းအမျိုးမျိုးတို့အား ကိုယ်တိုင်ထုတ်လုပ်၍ Online System မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်နော်ကြေးမုံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်နှင်းယုယဖြိုး** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၅၆၇)** |

**The Solution Power Law Firm- အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉- ၅၀၉၈၉၄၂**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ အထက(ခွဲ)ပဲခူးရပ်ကျောင်း Grade-2မှ မရတီပိုးအိမ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း[၇/ကတခ(နိုင်)၁၁၇၉၆၅]ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဝင်း**
**[၇/ကတခ(နိုင်)၁၁၇၉၆၅]**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အ.ထ.က(၁)၊ Grade-11မှ မသင်းသင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး [၉/ပမန(နိုင်)၁၇၉၈၈၀]ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်ဦး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၂၉၀၈)၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဟိန်းဇော်လတ် [၉/တကန(နိုင်)၁၁၈၁၅၁](ဘ) ဦးကျော်ဆွေမှ မြေပေးစလစ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေပေးစလစ်မူရင်းအား ပယ်ဖျက်၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၂၇၂)၊ ဧရိယာ (၀.၀၈၂) ဧကရှိ ဒေါ်ဖြူဖြူခိုင် (ဘ) ဦးကျော်မောင် [၉/လဝန(နိုင်)၂၀၉၁၁၄] အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူ ကိုယ်စား ဒေါ်မလေး(ဘ)ဦးတုတ် [၉/ဇဗသ(နိုင်)၀၀၃၈၁၉]မှ ယာယီမြေပေးစလစ်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
### နေပြည်တော်
### ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်
### (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့)

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူးအမျိုးအစား | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ပစ္စည်းထိန်း(၂) | (၈)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DA အောင်မြင်ရမည်။ |
| (ခ) | စာရင်းကိုင်(၂) | (၁၆)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DA အောင်မြင်ရမည်။ |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂) | (၃)နေရာ | B.E (Civil / Electronics / Electrical Power) |
| (ဃ) | ဒု-ကြီးကြပ်ရေးမှူး (ထိန်းသိမ်းရေး) | (၁၀)နေရာ | B.E (Civil / Electronics/ Electrical Power) |
| (င) | ဒု-ကြီးကြပ်ရေးမှူး (ကွင်း/ရုံ) | (၇)နေရာ | B.E (Civil / Electronics / Electrical Power) |

၂။ (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်။

၃။ စာမေးပွဲဝင်ကြေး ငွေကျပ်(၁၀၀၀) (ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ် (MD 010442)သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည် -

(က) အခြေခံပညာအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့်အလုပ်သမားရုံးအမည်
(စ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန/အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း
(ဆ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း
(ဈ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာ မရရှိသေးသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ (၆)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။
(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဋ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း
(ဌ) ပြည့်စုံစွာ ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၅။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသူများသည် (၃၀-၆-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့် တာဝန်ထမ်းဆောင်နေသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူ(၁)စောင်ကို ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်သို့ လိပ်မူ၍ (၃၀-၆-၂၀၂၂)ရက်နေ့မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၇။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Website ဖြစ်သော **www.mosya.gov.mm** နှင့် အားကစားနှင့်လူငယ်ရေးရာ Sports & Youth Affairs, Myanmar Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၂၀၃၊ ၀၆၇-၄၀၆၀၂၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

## ဦးဝင်းမင်းသိန်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ ကွင်းအမှတ်(၂၉/ခ)၊ ဦးပိုင်အမှတ်(၅)၊ အကျယ်အဝန်း ပေ(၆၀x၁၅၀)၊ ဧရိယာ(၀.၀၄၄)ဧကရှိ အမှတ်(၅၂)၊ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်မော် [၁၂/သဃက (နိုင်)၀၆၇၁၀၁]အား ဦးဝင်းမင်းသိန်းက စွဲဆိုထားသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး (၂၀၁၄)ခုနှစ် တရားမကြီးမှုအမှတ်(၁၅) တွင် တရားလိုစွဲဆိုသော အမှုအားစရိတ်နှင့်တကွ ပလပ်ကြောင်း ဦးဝင်းမင်းသိန်းက ဒေါ်မြင့်မြင့်မော်တို့အပေါ် စွဲဆိုထားသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး (၂၀၁၉)ခုနှစ်၊ တရားမကြီးမှုအမှတ်(၈၂၄) တွင်လည်း တရားလိုစွဲဆိုသည့်အမှုအား စရိတ်နှင့်တကွ ပလပ်ကြောင်း တရားရုံးတော်မှ အမိန့်ချခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| **ဒေါ်မြင့်မြင့်မော်** | **ဦးကျော်စွာမြင့်** | **ဦးလင်းလင်းကျော်** |
| **[၁၂/သဃက(နိုင်)၀၆၇၁၀၁]** | **(စဉ်-၁၃၂၈၂)** | **(စဉ်-၁၅၂၅၂)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **LL.B,D.B.L,D.I.L** | **LL.B,Wipo(Switzerland)** |
| | **Wipo(Switzerland)** | **Ph:09-450027746** |

ဥတုရာသီ တောကိုမှီ၏

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၅-၂၀၂၂ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ ကြော်ငြာ (၂၄)နှင့် ၂၅-၅-၂၀၂၂ ရက်နေ့ စာမျက်နှာ ကြော်ငြာ(၂၈)အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်းအမှတ်စဉ်(ဂ)ပါ ၁၂၃ ကေဗွီ လက်ပံပျားခတ်အားခွဲရုံအစား ၁၃၂ ကေဗွီလက်ပံပျားခတ်အားခွဲရုံဟု အမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ စိန်ရွှေကုန်း၊ မိုးကုတ်ကျောင်းလမ်း၊ အမှတ်(၂၂၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပြုံးပြုံးထွေး[၁၂/မရက(နိုင်)၁၂၅၄၂၈]မှ အောက်ဖော်ပြပါ အမည်ရှိ ကုန်အမှတ်တံဆိပ်(၃)မျိုးဖြင့် သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

(၁) စိန်ပြုံး
(၂) ပြုံး
(၃) ရွှေပြုံး

သို့ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူ သောက်ရေသန့် ထုတ်လုပ်လျက်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာချက်နှင့်အတူ အထက်ပါ ကုန်အမှတ်တံဆိပ်(၃)မျိုးကို ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သောက်ရေသန့် ထုတ်လုပ်ရန် ထောက်ခံချက်လျှောက်ထားခြင်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၇၁)**
**အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၉၃၈၂**

## အများသိစေရန်

ကျွန်မ၏မိတ်ဆွေများဖြစ်ကြသော ဦးညီညီလွင်[၁၂/မရက(နိုင်)၁၀၆၄၄၂] နှင့် ဒေါ်သော်သော်ဟန်[၁၂/ဥကတ(နိုင်)၁၄၂၃၈၁]တို့သည် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၄၅/၂၀၁၆)**
**အမှတ်(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅**

## “လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သီရိလမ်း၊ အမှတ်(၅၄)တွင် နေထိုင်သော ဦးရဲညီညီထူး[၁၂/စခန(နိုင်)၀၇၂၈၀၄]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

Yangon mobile store

**မှတ်ပုံတင်စာချုပ်အမှတ်-၃၃၅၂/၂၀၂၂(နေ့စွဲ-၁၁-၅-၂၀၂၂)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် တယ်လီဖုန်းအမျိုးမျိုး၊ ဖုန်းနှင့် ဆက်စပ်သော အီလက်ထရောနစ်ပစ္စည်း၊ အပိုပစ္စည်း၊ ကာဗာ၊ ၎င်းတို့နှင့် ချိတ်ဆက်အသုံးပြုနိုင်သည့် အရည်အသွေးမြင့် power bank အမျိုးမျိုးကို ဖြန့်ချိခြင်း၊ လူသုံးကုန် အီလက်ထရောနစ်ပစ္စည်းများအား ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်၍ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပ သုံးစွဲမည်ဆိုပါက ကြေညာသူ၏ စီးပွားရေးဆုံးရှုံးနစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲညီညီထူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်နော်ခမ်းစုစုဗွာ(LL.B)** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **(စဉ်-၅၃၁၀၀)** |

**The Solution Power Law Firm-အမှတ်(၃၃)၊ မြေညီထပ်၊**
**အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## “အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်-၇၊ (၄)လွှာတွင် တည်ရှိသော BEAUTY APEX LIMITED ကုမ္ပဏီ မှတ်ပုံတင်အမှတ်(၁၂၁၅၆၈၇၇၂) သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

ULTRA NINE HAIR COLOR PRODUCTION

**စာချုပ်အမှတ်-၃၅၂၀/၂၀၂၂ (နေ့စွဲ-၁၈-၅-၂၀၂၂)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား Organic သဘာဝပစ္စည်းများဖြင့် စီမံဖော်စပ်ထားသော လျှော်မဲဆံပင်ဆိုးဆေး၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ပေါင်းဆေး၊ ဆံပင်ဆိုးဆေးအမျိုးမျိုးတို့အား ကိုယ်တိုင်ထုတ်လုပ်၍ Online System မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **BEAUTY APEX LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်နှင်းယုယဖြိုး** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၅၆၇)** |

**The Solution Power Law Firm- အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉- ၅၀၉၈၉၄၂**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသောမျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂–၂–၂၀၂၁

## ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်)

ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ် ဆရာမကြီးတစ်ဦး သေဆုံးပြီး ကျောင်းအုပ်၊ ဆရာ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅

**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅)လမ်း ကားမှတ်တိုင်တွင် အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၊ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရ**

စာမျက်နှာ » ၁၆